# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၈ - ၁ - ၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ဗိုလ်မှူးကြီး ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်သူ့စကားဝိုင်းတက်ရောက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပတွင် ဆေးကုသမှုခံယူရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကျောက်ရဲကျေးရွာ၊ သဲရိုးကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုကို ဟန့်တားရန် အတွက် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပေးရန်နှင့် တစ်ဖက်ကမ်းကျွန်းသောင်အား မြစ်ဖြတ် တူးမြောင်းဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကျောက်ရဲကျေးရွာ၊ သဲရိုးကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုကို ဟန့်တားရန်

အတွက် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပေးရန်နှင့် တစ်ဖက်ကမ်းကျွန်းသောင်အား မြစ်ဖြတ်တူးမြောင်းဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးထိန်ဝင်း ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဟင်္သာတမြို့နယ်၊ ကျောက်ရဲကျေးရွာ၊ သဲရိုးကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာတို့မှာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုများကို မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပေးဖို့နှင့် မြစ်ဖြတ်တူးမြောင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ကစပြီးတော့ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အပိုင် ဧရာဝတီမြစ်နှင့် ငဝန်မြစ်အဆုံ ညောင်ကျိုးဒေသနားကစပြီးတော့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ကျွန်းကြီး၊ သဒ္ဓမ္မကျွန်း၊ လက်ကျားကုန်း၊ ချင်းကုန်းတို့မှတစ်ဆင့် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဟင်္သာတမြို့နယ်အတွင်းရှိ လက်ပံလှ၊ စိန်ပန်းကုန်း၊ ရွာသာယာ၊ နန်းတော်ကျွန်း၊ ကြွက်ကျွန်း၊ သဲရိုး၊ ကျောက်ရဲ၊ တာငုတ်၊ ဖောင်ဆိပ်ကျေးရွာထိ ရွာစဉ်အလိုက် ကမ်းပါးများ ပြိုကျခဲ့တာရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ကျွန်တော်တို့ ဟင်္သာတမြို့ကို ဝန်းရံထားတဲ့ ရေကာတာတစ်ခုပင် ကမ်းပါးပြိုကျတဲ့အထဲကို ပါသွားတာရှိပါတယ်။

အဲဒီလို ပါသွားတဲ့အတွက် ကျေးရွာမှာရှိတဲ့ ပြည်သူများ မိသားစု ထောင်နှင့်ချီပြီးတော့ အိုးအိမ်များကို မကြာခဏ ရွှေ့ပြောင်းရသလို လုပ်ကိုင်စားသောက်ဖို့ မြေမရှိ၊ နေထိုင်ဖို့ မြေမရှိတဲ့အတွက် အခက်အခဲများနဲ့ ကြုံတွေ့နေရပြီးတော့ စီးပွားရေး နလန်မထူနိုင်အောင် ဖြစ်နေကြပါတယ်။ လက်ရှိပြိုကျနေတဲ့ ဟင်္သာတမြို့နယ် တာငုတ်၊ ဖောင်ဆိပ်တို့မှာ ဟင်္သာတမြို့ပေါ်နဲ့ဆိုရင် (၂)မိုင်(၃)ကီလိုမီတာခန့်သာ ကွာဝေးတော့တဲ့အတွက် မကြာခင်အချိန်ကာလမှာ ကျွန်တော်တို့ ဟင်္သာတမြို့ကြီးကလည်း အန္တရာယ်ကျရောက်လာနိုင်တဲ့ အနေအထားဖြစ်နေကြောင်း မြို့ပေါ်နေပြည်သူများကစိုးရိမ်မကင်းဖြစ်နေကြပြီးတော့ မြစ်ကမ်းထိန်းလုပ်ငန်းများ လုပ်စေချင်ကြသလို ရေလမ်းကြောင်းလွှဲတဲ့လုပ်ငန်းများကို ပြုလုပ်စေချင်ကြောင်း တင်ပြလာကြပါတယ်။

အဲဒီအတွက် ကျွန်တော်နဲ့ တာဝန်ရှိသူတွေ သွားရောက်ပြီးတော့ စစ်ဆေးခဲ့တာ ကျွန်တော် Power Point ဖြင့် တင်ပြခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါ ပြိုကျနေတဲ့ဟာတွေ ရိုက်ပြထားတာဖြစ်ပါတယ်။ ဒါ မြစ်ကမ်းပါးတွေ ပြိုကျနေတာပါ။ ဒါ သောင်ထွန်းနေတဲ့ နေရာတွေပါ (မြစ်ချောင်းဖြိုး - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)က တာဝန်ရှိတဲ့သူတွေနဲ့ သွားရောက်စစ်ဆေးတဲ့ ဓာတ်ပုံများဖြစ်ပါတယ်။ အဲဒီဟာကတော့ ကျွန်တော်တို့ စစ်ဆေးပြီးတဲ့အခါမှာ ဒီမှာ အစိမ်းရောင်တန်းလေး(၂)တန်း၊ ကန့်လန့်တန်းလေး (၂)တန်းရှိပါတယ်။ အဲဒါ (၂)တန်းသွား ကျောက်ဖြည့်

ရေကာ ပေ(၁၀၀၀)x(၂)ခုနဲ့ အနီရောင်(၂)ခုကတော့ အခြေထိန်းမျော ကျောက်ဖြည့်ရေကာဝါးကရစ်ကွက် ပေ(၅၀၀)x(၂)ခုနဲ့ အဝါရောင်လေးနဲ့ပြထားတာကတော့ ကျွန်တော်တို့ သောင်တူးလုပ်ငန်း မီတာ (၆၀၀)လုပ်ဖို့ဆိုပြီးတော့ မနှစ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာတင်ပြခဲ့သော်လည်းပဲ ဘဏ္ဍာငွေ ချထား ပေးခြင်းမရှိတဲ့အတွက် ဘယ်လိုမှ ဆောင်ရွက်လို့မရပါဘူး။ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးတဲ့ အခါမှာ အခု ကျွန်တော်တို့ မျဉ်းကြောင်း အနီကြောင်းလေး(၂)ကြောင်းပြထားတဲ့နေရာနှင့် သောင်ပေါ် ကို ဖြတ်တူးမြောင်း ဖောက်လိုက်မယ်ဆိုလို့ရှိရင် ဒီကနေပြီးတော့ မြစ်လမ်းကြောင်း လွှဲသွားမယ်။ လမ်းကြောင်းလွှဲသွားလို့ရှိရင် တစ်ဖက်ကမ်းတွေကို ထိုးစားတဲ့ အနေအထားမျိုးတွေ အများကြီး သက်သာသွားမယ်ဆိုတဲ့ အနေအထားကို သွားတွေ့ရတဲ့အတွက် ဒါလေးတွေကို ဆောင်ရွက် ပေးစေချင်တယ်ဆိုပြီးတော့ ဒါလေးတွေကို စစ်ဆေးတွေ့ရှိရတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး လုပ်လိုက်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ မြို့အတွက် အများကြီးကို သက်သာသွားမယ့်အနေအထား ဖြစ်သွားနိုင်လို့ ဒီဟာလေးတွေ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင် လိုက်လံစစ်ဆေးသည့် မှတ်တမ်းဓါတ်ပုံ ပြပုံ (စ)



ကမ်းပြိုနေသည့် နေရာများ မြင်ကွင်းပုံ (စ-၁)



မြစ်ချောင်းဖြိုးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖြတ်မြောင်းဖောက်မည့်နေရာအား စစ်ဆေးကြည့်ရှုနေသည့် မြင်ကွင်းပုံ (စ-၂)



**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကျောက်ရဲကျေးရွာ၊ သဲရိုးကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုကို ဟန့်တားရန်အတွက် မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ပေးရန်နှင့် တစ်ဖက်ကမ်းကျွန်းသောင်အား မြစ်ဖြတ်တူးမြောင်းဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီဟာကတော့ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အထဲမှာလည်း ပါ ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ် နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကျောက်ရဲကျေးရွာနှင့် သဲရိုးကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် (၂)တန်းသွား မျောကျောက်ဖြည့်

ရေကာတာ ပေ(၁၀၀၀) x (၂)ခု၊ အခြေထိန်း မျောကျောက်ဖြည့်ရေကာနှင့် ဝါးကရစ်ကွက် ပေ(၅၀၀)x(၂)ခုနဲ့ သောင်တူးဖော်ခြင်း အလျားမီတာ (၆၀၀)မီတာ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ရန်ပုံငွေကျပ်သန်း(၅၇၀) တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေမပါရှိခဲ့ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် ပထမဦးစားပေးအဖြစ် ထပ်မံတင်ပြ တောင်းခံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာ ပါ ပါတယ်။ အဲဒီအပြင် တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်ပေးရန်လိုအပ်တဲ့ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် (၂)တန်းသွား မျောကျောက်ဖြည့်ရေကာတို ပေ(၁၀၀) x (၁၆)ခုနဲ့ အခြေထိန်း မျောကျောက်ဖြည့်ရေကာ ဝါးကရစ်ကွက် ပေ (၄၀၀၀)လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရန်ပုံငွေကျပ်သန်း (၈၂၀)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှာ ဒုတိယဦးစားပေးအဖြစ် ထပ်မံတင်ပြတောင်းခံပေးမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ မြစ်ဖြတ်တူးမြောင်း အရှည်မိုင် တင်ပြထားတာဖြစ်ပါတယ်။ မြစ်ဖြတ်၊ မြောင်းတူးဖော်ရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ကွင်းဆင်းလေ့လာခဲ့ရာမှာ တူးဖော်ရမယ့် တူးမြောင်းအလျားမှာ (၃.၅)မိုင်နဲ့ အကျယ်(၁၀၀)မီတာဖြစ်ပြီး အနက်မှာလည်း ပင်မရေလမ်းကြောင်းမှာဖြစ်ပေါ်နေတဲ့ ရေအနက်ထက် တူးဖော်မှသာ ရေကြောင်းဖြစ်ပေါ်နိုင်သဖြင့် အနည်းဆုံး (၁၀)မီတာ တူးဖော်ရမှာဖြစ်ပြီးတော့ တူးဖော်ရမယ့်ပမာဏမှာ ကုဗမီတာ(၆)သန်းခန့် ဖြစ်ပြီး ကျပ်သန်း(၆၀၀၀)ခန့် ကုန်ကျမည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံရမည့်တန်ဖိုးမှာ အလွန်များပြားမှာ ဖြစ်ပါတယ်။ မြစ်ဖြတ်မြောင်းတူးဖော်ပါကလည်း မြစ်ကွေးအလျား (Loop Length)နှင့် မြစ်ဖြောင့်လေးကြိုးမျဉ်း (Chord Length)တို့ အချိုးဟာ (၁.၅)နှင့် (၂.၅)ရှိရမည်ဖြစ်သော်လည်း လက်ရှိ အနေအထားအရ အဆိုပါအချိုးမှာ (၁)နီးပါးသာရှိပါသဖြင့် ရေလမ်းကြောင်းပေါက်နိုင်ဖို့ အခွင့်အလမ်း နည်းပါးနိုင်မှာ ဖြစ်ပါတယ်။

အဲဒီအပြင် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ၁၉၉၄ ခုနှစ်တုန်းက ဟင်္သာတ မြို့နယ် ဦးပါရဲဘုရား ကမ်းပြိုကာကွယ်နိုင်ရေးအတွက် ပျဉ်းမချောင်းရွာနဲ့ သာယာအေးဆိပ်အကြား ခေါင်းဆေးကျွန်းကျေးရွာ အထက်ဘက်ရှိ ကမ်းရင်းရေဝင်လမ်းကြောင်းအား ဤဦးစီးဌာန (ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)ကနေပြီးတော့ ရေလွှဲရေကာများဖြင့် ပိတ်၍ ရေလမ်းကြောင်း လွှဲပြောင်းကာကွယ်ခဲ့ပါတယ်။ အဲဒီလို ကာကွယ်ခဲ့တဲ့အတွက် မိုးရာသီရေများချိန် များသာ ရေဝင်လမ်းကြောင်းဖြစ်ပြီးတော့ ကျန်အချိန်မှာတော့ ရေဝင်လမ်းကြောင်းပိတ်ပြီး ကမ်းပြိုမှု ကာကွယ်နိုင်ခဲ့ပါတယ်။ တကယ်လို့ အခုတင်ပြထားတဲ့ ကျောက်ရဲကျေးရွာ မြစ်ဖြတ်တူးမြောင်း ဖောက်လုပ်မယ်ဆိုပါက ဒီတူးမြောင်းရဲ့ အောက်ဘက် ရေလမ်းအထွက်ဝက ခုန ပင်မချောင်းရွာထိပ် ဖော်ပြပါ ဟင်္သာတကမ်းနီးရေအဝင်ပေါက်နဲ့ တည့်တည့် ဦးတည်နေမှာဖြစ်တဲ့အတွက် တူးမြောင်းဖွံ့ဖြိုး လာသည်နှင့်အမျှ ကမ်းရင်းရေဝင်ပေါက် ဖွံ့ဖြိုးလာနိုင်ပြီး ယခင်ကာကွယ်ထားပေးခဲ့တဲ့ ဟင်္သာတ

မြို့နယ် ဦးပါရဲဘုရား ကမ်းပါးအား ရေတိုက်စားနိုင်မှုဖြစ်ပေါ်လာမည့် အခြေအနေများလည်း ထည့်သွင်းစဥ်းစားသုံးသပ် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ရဲကျေးရွာနှင့်သဲရိုးကျေးရွာ ကမ်းထိန်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေရရှိပါက ရေလမ်းထိန်းအစီအမံများ ဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေရလဒ်ပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သင့်သော အစီအမံများကို တင်ပြသွားမည်ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်း၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောက်ကာအုပ်စုရှိ ကျောက်တံခါးဆည်တမံတွင် ရေထိန်းတံခါး တစ်ခု မိုးရာသီအမီ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေက မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောက်ကာအုပ်စုရှိ ကျောက်တံခါးဆည်တမံတွင် ရေထိန်းတံခါးတစ်ခု မိုးရာသီအမီ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်တော်အပေါင်းကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ကိုယ်စားပြု မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရေစကြိုမြို့နယ်မှာရှိတဲ့ ကျောက်တံခါးဆည်မှာ ရေထိန်းတံခါး တပ်ဆင်ပေးဖို့နဲ့ ဆည်ပေါင်မြှင့်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပြုပါခင်ဗျား။ ရေစကြိုမြို့နယ်ဟာ အပူပိုင်းဒေသမှာရှိပြီးတော့ အနောက်ဘက်မှာ ရှင်မတောင်မြစ်၊ အရှေ့ဘက်မှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ ရှိပါတယ်။ ရှင်မတောင်ဘက်ကနေပြီးတော့ ကျလာတဲ့ မိုးကျ မိုးချောင်းရေဟာ ဧရာဝတီမြစ်နှင့်

ချင်းတွင်းမြစ်ထဲကို စီးဝင်နေပါတယ်။ အပူပိုင်းဒေသဖြစ်တဲ့အတွက် ရေရရှိရေး ဒီချောင်းတွေကို ကန့်လန့်ဖြတ် တာပေါင်ပိတ်ပြီးတော့ ဆည်တွေလုပ်ထားတာ အကြီး၊ အငယ် (၃၁)ခုရှိပါတယ်။ အဲဒီထဲမှာ (၁၃)ခုက ဆည်မြောင်းဌာနက တိုက်ရိုက်တည်ဆောက်ပြီးတော့ ကျန်တဲ့(၁၈)ခုကတော့ ဒေသဖွံ့ဖြိုးရေးအတွက် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။

ကျောက်ကာအုပ်စု ကျောက်တံခါးရွာမှာရှိတဲ့ ဒီ ဆည်လေးဟာ ၁၉၈၀ - ၁၉၈၁ ခုနှစ်က ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ထားခဲ့ခြင်းဖြစ်ပါတယ်။ ကျေးရွာမှာရှိတဲ့ အိမ်ထောင်စု (၁၆၀)နှင့် လူဦးရေ(၈၀၀)ခန့်တို့ဟာလည်းပဲ ဒီဆည်ရေကိုပဲ အမှီပြုပြီးတော့ သောက်သုံးနေကြရပါတယ်။ လယ်ဧက(၅၀)လောက်လည်းပဲ ဆည်ရေကိုသုံးနေရပါတယ်။ ဒီဆည်မှာဆိုရင် ရေဝင်ဧရိယာ (၃.၀)စတုရန်းမိုင်ရှိပြီးတော့ ရေလှောင်နိုင်မှုပမာဏ (၃၀၀)ဧကပေရှိပါတယ်။ ရေပေးဝေဧရိယာ (၅၀)ဧကအနက် အကျိုးပြုဧရိယာ ဧက(၁၀၀)ရှိပါတယ်။ အဲဒီ ဆည်ရဲ့ တာပေါင်ဟာဆိုလို့ရှိရင် အရှည်ပေ (၃၀၀)ရှိပြီး အမြင့်ပေ(၂၀)နဲ့ တာပေါင်ထိပ်အကျယ် (၁၀)ပေရှိပါတယ်။ ဒီအတိုင်းပါပဲ ဒီတာပေါင်ကို ခပ်လှမ်းလှမ်းကနေ ရိုက်ထားတာပါ။

အဲဒီဆည်မှာ (၄)လက်မ ကွန်ကရစ်ပိုက် (၂)လုံးနှင့် ရေထုတ်ထားတော့ အမြင်မတော်ဆင်တော်နှင့် ခလောက်ဆိုသလို ရေအကျနှေးနေပါတယ်။ ဒါက (၄)လက်မ ကွန်ကရစ်ပိုက်ကနေ ပြီးတော့ သူတို့ ရေထုတ်ပြနေတဲ့ပုံဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ၃၀ - ၉ - ၂၀၁၈ သူတို့ရွာကို သွားပြီးတော့ တွေ့ဆုံပွဲလုပ်တဲ့အချိန်မှာ သူတို့က ဒီဆည်ရဲ့ အခက်အခဲတွေကို တင်ပြလို့ အခက်အခဲကို သိခဲ့ရခြင်း ဖြစ်ပါတယ်။ အဲဒီရွာမှာ SRI နည်းနဲ့ စိုက်ထားတဲ့ စပါးစိုက်ဧက (၅၀)လောက်ရှိပါတယ်။ ဒါကို သူတို့လိုက်ပြလို့ ကွင်းဆင်းကြည့်ခဲ့ရခြင်းဖြစ်ပါတယ်။ အဲဒီအလားတူ အောင်မြင်ဖြစ်ထွန်းနေတဲ့ စပါးခင်းတွေဖြစ်ပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ရေစကြိုမြို့နယ်က ကျောက်တံခါးဆည်ကို ကျေးရွာသောက်သုံးရေဖူလုံဖို့နဲ့ ကျေးရွာမှာရှိတဲ့ စပါးစိုက်ဧကတွေ ရေလိုတဲ့အချိန်မှာ လုံလုံလောက်လောက် ရရှိရန်အတွက် ကျောက်တံခါးဆည်ကို ရေတံခါး တပ်ဆင်ပေးခြင်းနှင့် ရေထုထည် ပိုမိုရေလှောင်နိုင်ရန် တာပေါင်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ရှင်မတောင်မြစ် နောက်ခံဖြင့် ကျောက်တံခါးဆည် မြင်ကွင်းပုံ (ဆ)



ဆည်ပေါင်အောက်ခြေတွင် ၄ လက်မ PVC ပိုက်နှစ်လုံးဖြင့် လယ်များသို့ ရေပေးဝေရန် ပြုလုပ်နေသည့်ပုံ (ဆ-၁)



ဆည်နှင့် လယ်ရေအတွက် အခက်အခဲများအား တင်ပြနေသည့် လူထုနှင့် တွေ့ဆုံပွဲ မြင်ကွင်းပုံ (ဆ-၂)




**မြန်မာနိုင်ငံ၏ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်များတွင် စိုက်ထည့်ပေးသော ငါးသားပေါက် ငါးမျိုးကောင်ရေပမာဏ(သန်းပေါင်း) မည်မျှရှိသည်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များထဲတွင် ငါးကောင်ရေ မည်မျှစိုက်ထည့်ခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က မြန်မာနိုင်ငံ၏ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်များတွင် စိုက်ထည့်ပေးသော ငါးသားပေါက်

ငါးမျိုးကောင်ရေ ပမာဏ(သန်းပေါင်း) မည်မျှရှိသည်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များထဲတွင် ငါးကောင်ရေ မည်မျှစိုက်ထည့်ခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံး မင်္ဂလာပါ။ အားလုံးကို လေးစားဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းက မြန်မာနိုင်ငံ၏ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်များတွင် စိုက်ထည့်ပေးသော ငါးသားပေါက် ငါးမျိုးကောင်ရေ ပမာဏ(သန်းပေါင်း) မည်မျှရှိပါသနည်း။ ရခိုင်ပြည်နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များထဲတွင် ကောင်ရေမည်မျှ စိုက်ထည့်ခဲ့ပါသနည်း ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနဟာ မြန်မာနိုင်ငံ တစ်ဝန်းလုံး မြေပြန့်၊ တောင်ပေါ်အနှံ့ ငါးသားပေါက် ငါးမျိုးသိန်းပေါင်းများစွာကို စိုက်ထည့်ပေးနေတာကို တွေ့ရှိရပါတယ်။ မြစ်ချောင်း၊ အင်းအိုင်များသာမက လယ်ကွင်းများတွင်ပါ အခမဲ့ စိုက်ထည့်ပေးနေခြင်းဖြစ်ပါတယ်။ ပြည်သူလူထုများကလည်း ဝမ်းပန်းတသာ ကြိုဆိုခဲ့ရပါတယ်။ ငါးသားပေါက်များ ထည့်ပေးခြင်းသည် ပြည်သူများကို ကုန်ထုတ်လုပ်မှုတိုးစေခြင်း၊ အာဟာရဓာတ်များများ စားသုံးနိုင်ခြင်း၊ ကုန်ဈေးနှုန်းကျဆင်းခြင်းများကိုလည်း ထောက်ခံအားပေးနေကြောင်းကို တွေ့နေရပါတယ်။

ဒါပေမယ့်လည်း ဆေးချဖမ်းဆီးခြင်း၊ ရှော့ရိုက်ဖမ်းဆီးခြင်း၊ အလွန်အကျွံဖမ်းဆီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် မြစ်ချောင်း၊ အင်းအိုင်တွေမှာ ငါးကောင်ရေ အရေအတွက် ကျဆင်းလာတာဟာလည်း အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ကမ်းလွန်ပင်လယ်ပြင်မှာဆိုရင် ရန်ကုန်၊ မြိတ်ဘက်က ဝက်လက် ငါးဖမ်းသင်္ဘောကြီးတွေ လာဖမ်းပါတယ်။ နောက် ဘင်္ဂလားသင်္ဘော ဘင်္ဂလားဒေ့ရှ်က ငါးဖမ်းသင်္ဘောအသေးတွေ လာဖမ်းတာလည်းရှိပါတယ်။ ငါးခိုးရောင်းတာတွေလည်းရှိပါတယ်။ နောက် အဲဒီသင်္ဘောတွေကလည်း ပင်လယ်ကမ်းခြေနားအထိအောင် (၁၀)မိုင်အတွင်း ဝင်ပြီးတော့ ဖမ်းတာတွေလည်း ရှိပါတယ်။ အဲဒါကြောင့် ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ငါးကောင်ရေ အရေအတွက် အများကြီးကျဆင်းလာပါတယ်။ ပင်လယ်မှာကျဆင်းတော့ ကုန်းတွင်းပိုင်းမှာရှိတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေအထိမှာလည်း ငါးသားပေါက်တွေ ရှားပါးလာပါတယ်။ အခုဆိုရင် ရန်ကုန်ဘက်က ရေချိုမွေးမြူရေးငါးတွေ ကျွန်တော်တို့ ရခိုင်ပြည်နယ်က အချို့ကျေးလက်တွေအထိ တင်သွင်းပြီးတော့ စားသုံးနေရတာရှိပါတယ်။

အဲဒါကြောင့် ပင်လယ်တွင်းမှာရှိတဲ့ ရေချိုမြစ်ချောင်းများအတွင်း ငါးရှားပါးလာခြင်းကို ကာကွယ်ရန်နှင့် ရေချိုငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ရဲ့ မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောက်ကာအုပ်စုမှာရှိတဲ့ ကျောက်တံခါး ဆည်တမံမှာ ရေထိန်းတံခါးတစ်ခု မိုးရာသီအမီ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျောက်ကာကျေးရွာအုပ်စု၊ ကျောက်တံခါးကျေးရွာအနီးမှာရှိတဲ့ ကျောက်တံခါးဆည်ဟာ ဒေသတွင်းစိုက်ပျိုးရေးနှင့် သောက်သုံးရေ ပေးဝေနိုင်ဖို့ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်က ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme)ရဲ့ အထောက်အပံ့ အကူအညီနှင့် ဒေသနေပြည်သူတွေကနေ တည်ဆောက်ထားတဲ့ မြေသားရေလှောင်တမံ တစ်ခုဖြစ်ပါတယ်။ အဆိုပါ ကျောက်တံခါး ရေလှောင်တမံအနေနဲ့ ပင်မတမံအလျားဟာ ပေ(၄၀၀)ရှိပြီး အမြင့် (၂၃)ပေခန့်ရှိပါတယ်။ ရေထုတ်ပေါက်ကတော့ (၄)လက်မအချင်း PVC ပိုက်ဖြစ်ပြီးတော့ ရေပိုလွှဲကတော့ ပေ(၄၀)အကျယ်ရှိတဲ့ သဘာဝ မြေသားအဆင့်ရှိတဲ့ ရေလှောင်တမံသာဖြစ်ပါတယ်။

ကျောက်တံခါးရေလှောင်တမံမှာ ရေပိုမိုသိုလှောင်နိုင်ဖို့အတွက် (၅)ပေမြှင့်ပြီးတည်ဆောက် မယ်ဆိုရင် လက်ရှိတမံကို မြှင့်တင်တည်ဆောက်ရမယ့်အပြင် ရေဝပ်ဧရိယာ အနားသတ်မျဉ်း (Reservoir Rim)တစ်လျှောက်မှာ မြေနိမ့်တဲ့အပိုင်းဟာ အလျားပေ(၁၀၀၀)ပေရှည်လျားတဲ့ ကုန်းကြော တမံကို ထည့်သွင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကုန်ကျစရိတ် လွန်စွာများပြားမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် တမံအတွင်း ရေပိုမိုသိုလှောင်နိုင်တာနှင့်အမျှ ကန်ရေဝပ်ဧရိယာမှာ ပိုမိုကျယ်ပြန့်လာမှာဖြစ်ပြီးတော့ မူလရေဝပ်ဧရိယာ အစပ်များတစ်လျှောက်မှာ တောင်သူများ လက်ရှိ စိုက်ပျိုးလျက်ရှိတဲ့ လယ်ယာမြေ (၁၅)ဧကခန့်ကို ရေနစ်မြုပ်သွားစေနိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါ တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး သဘောတူညီချက်များ ရယူဖို့နှင့် မြေယာလျော်ကြေးပေးချေဖို့ရန်အတွက် လိုအပ်လာမယ့် အခြေအနေဖြစ်ပါတယ်။

ဒါ့ကြောင့် တမံအား (၅)ပေမြှင့်ရန်ဟာ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု နည်းပါးသောကြောင့်လည်းကောင်း၊ ရေဝပ်ဧရိယာအတွင်း ကျရောက်သွားမည့် လယ်ယာမြေများမှာ တောင်သူများနှင့် ညှိနှိုင်းမှုများရယူပြီး မြေယာလျော်ကြေးများ ပေးချေရမည်ဖြစ်သောကြောင့် လည်းကောင်း ဆောင်ရွက်ရန် သင့်လျော်မှုမရှိကြောင်း သုံးသပ်ရရှိပါတယ်။ တမံရေပေးဝေမှု လွယ်ကူ အဆင်ပြေစေဖို့အတွက် ရေထုတ်ပြွန်ကို စနစ်တကျ တည်ဆောက်ပေးခြင်းနှင့် ရေပိုလွှဲ အခိုင်အမာ တည်ဆောက်ပေးခြင်း လုပ်ငန်းတွေကိုသာ ဆောင်ရွက်ပေးခြင်းက ပိုမိုသင့်လျော်မှုရှိကြောင်း စိစစ် တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် ကျောက်တံခါးရေလှောင်တမံမှာ ရေထုတ်ပြွန် စနစ်တကျ တည်ဆောက်ခြင်းနှင့် ရေပိုလွှဲအခိုင်အမာ တည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရန်အတွက် လိုအပ်တဲ့ စူးစမ်းတိုင်းတာလေ့လာမှုလုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းတွေ အရ ခန့်မှန်းကုန်ကျငွေ တွက်ချက်ကာ လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထား တောင်းခံသွားဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ မြန်မာနိုင်ငံရဲ့ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်တွေမှာ စိုက်ထည့်ပေးတဲ့ ငါးသားပေါက် ငါးမျိုးကောင်ရေ ပမာဏ(သန်းပေါင်း) မည်မျှရှိသည်နှင့် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေမှာ ငါးကောင်ရေ မည်မျှစိုက်ထည့်ခဲ့တာကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်တို့မှာ ငါးသယံဇာတတွေ ရေရှည်တည်တံ့ ဖြစ်တည်တိုးပွားနေမှုရှိစေဖို့နှင့် ငါးရိက္ခာတွေ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် ဒေသ၊ ရေမြေ၊ ရာသီဥတုအခြေအနေများနဲ့ ကိုက်ညီတဲ့ ငါးသားပေါက်၊ ငါးမျိုးစေ့များကို မျိုးစိုက်ထည့်ပေးလျက်ရှိပါတယ်။ နိုင်ငံတစ်ဝန်းအနေနဲ့ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်၊ ကန်၊ ရေလှောင်တမံ၊ စပါးခင်းတွေမှာ ငါးမျိုးစုံ၊ ငါးသားပေါက်များ စိုက်ထည့်မှုအနေနဲ့ လွန်ခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ ကောင်ရေ (၉၇.၇၁၅)သန်း၊ ထို့အတူ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ ငါးသားပေါက်ကောင်ရေ (၁၀၂.၀၂၄)သန်းနှင့် ပုစွန်သားပေါက်ကောင်ရေ(၁.၅၃)သန်း၊ ၂၀၁၈ - ၂၀၁၉ ခုနှစ် ယခု ပထမ(၆)လပတ်အတွင်းမှာ ငါးမျိုးစုံ ငါးသားပေါက်ကောင်ရေ (၉၇.၇၉၅)သန်းနှင့် ပုစွန်သားပေါက် ကောင်ရေ(၁)သန်း မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း မြစ်ချောင်းအင်းအိုင်တွေနှင့် သဘာဝရေပြင်ထဲသို့ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ ငါးမျိုးစုံငါးသားပေါက်နှင့် ရွှံ့ကဏန်း စုစုပေါင်းကောင်ရေ (၁)သိန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ ကောင်ရေ(၈၇၀၀၀)၊ ၂၀၁၈ - ၂၀၁၉ ခုနှစ် ပထမ(၆)လပတ်မှာ အကောင်ရေ (၂၇၅၀၀၀)ကို မျိုးစိုက်ထည့်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးလုပ်ငန်းဦးစီးဌာနပိုင် ရေချိုငါးသားပေါက်စခန်း(၂၇)ခုနှင့် ပုစွန်သားဖောက်စခန်း (၅)ခုတို့ကနေ ငါး၊ ပုစွန် ငါးသားပေါက်တွေ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် မျိုးစိုက်ထည့်ပေးခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံမှာ ပုစွန်မွေးမြူကန်အများဆုံးတည်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရေချိုအရင်းအမြစ်ကလည်း အတန်အသင့်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ငါးလုပ်ငန်းဦးစီးဌာနပိုင် ပုစွန်သားဖောက်စခန်း (၄)ခု ရှိပါတယ်။ မောင်တောမြို့နယ်မှာရှိတဲ့ အလယ်သံကျော် ပုစွန်သားဖောက်စခန်းကလွဲပြီး ကျန်ပုစွန်

သားဖောက်စခန်း (၃)ခုကနေ လွန်ခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ ရေငန်ပုစွန်သားဖောက်ကောင်ရေ (၈.၆၉၈)သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ ရေငန်ပုစွန် သားပေါက်ကောင်ရေ (၄.၆)သန်းနှင့် ယခု ၂၀၁၈ -၂၀၁၉ ခုနှစ်၊ ပထမ (၆)လပတ်မှာ ရေငန်ပုစွန် သားပေါက်ကောင်ရေ (၀.၅)သန်း အသီးသီး ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်မှာ ရေချိုငါးသားဖောက်စခန်း (၂)ခုရှိပြီးဖြစ်တဲ့အလျောက် လွန်ခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ ငါးသားပေါက်ကောင်ရေ (၁)သန်းကျော်၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ (၀.၈၂)သန်း၊ ၂၀၁၈ - ၂၀၁၉ ခုနှစ် ပထမ(၆)လပတ်အတွင်းမှာ ပထမ(၆)လတာအတွင်းမှာ ကောင်ရေ (၀.၅၅)သန်းကိုလည်း အသီးသီး ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်းနည်းပညာများ လက်တွေ့ပြသနိုင်ဖို့အတွက် နိုင်ငံတစ်ဝန်းလုံးမှာ တစ်နိုင်တစ်ပိုင် ငါးသားဖောက်ရုံ (၁၂၂)ရုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ တစ်နိုင်တစ်ပိုင် ငါးသားဖောက်ရုံ (၆)ရုံ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ရေချိုငါးမွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မောင်တောမြို့နယ်မှာ ငါးရိက္ခာဖူလုံဖို့ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ တိုင်းရင်းသားကျေးရွာ (၁၅)ရွာမှာ တစ်ရွာကို ရေချိုငါးမွေးမြူရေးကန် (၁)ကန်နှုန်းဖြင့် ရေချိုငါးမွေးကန် (၁၅)ကန် တူးဖော်ခဲ့ပြီး အဆိုပါ ငါးကန်များ၌ ငါးမျိုးများလည်း စိုက်ထည့်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဌာနပိုင် ငါး၊ ပုစွန် သားဖောက်ရေးစခန်းတွေကနေ သားပေါက်ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် ဒေသအလိုက် ငါးသားပေါက်လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ လွှတ်လပ်ရေးကွင်း မြေနေရာတွင် စိုက်ထူထားသည့် လွှတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်မြေနေရာအား ကိုယ်ကျိုးအတွက် ရယူထားရှိမှုများကို မူလအတိုင်း ပြန်လည်ထားရှိပြီး ယင်းလွှတ်လပ်ရေးကျောက်တိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ လွှတ်လပ်ရေးကွင်း မြေနေရာတွင် စိုက်ထူထားသည့် လွှတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်မြေနေရာအား ကိုယ်ကျိုးအတွက် ရယူထားရှိမှုများကို မူလအတိုင်း

ပြန်လည်ထားရှိပြီး ယင်းလွတ်လပ်ရေးကျောက်တိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော်တို့မြို့နယ် လွတ်လပ်ရေးကျောက်တိုင်နှင့် ပတ်သက်တဲ့မေးခွန်း တစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ လွတ်လပ်ရေးရရှိမှု သမိုင်းမှတ်တိုင်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်တိုင်းလိုလိုတွင် နိုင်ငံတော်အစိုးရမှ လွတ်လပ်ရေးကြိုးပမ်းမှု အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးကွင်းများ လွတ်လပ်ရေးကျောက်တိုင်များကို စိုက်ထူခဲ့ကြပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်တွင်လည်း ၁၉၄၈ ခုနှစ်တွင် ယခင်မြို့တော်၊ ရုံးတော် မြေနေရာတွင် လွတ်လပ်ရေးကွင်းအဖြစ် သတ်မှတ်ခဲ့ကြပြီး လွတ်လပ်ရေးကွင်း ကွင်းထိပ်တစ်နေရာတွင် လွတ်လပ်ရေး ကျောက်တိုင်ကို စိုက်ထူခဲ့ကြပါတယ်။

အဆိုပါ လွတ်လပ်ရေးကွင်းအတွင်း လွတ်လပ်ရေးကျောက်တိုင်ကို လွတ်လပ်ရေးနေ့ ရောက်တိုင်း အလေးပြုအလံတင်အခမ်းအနားကျင်းပခြင်း၊ ပျော်ပွဲရွှင်ပွဲများ၊ ဘောလုံးပွဲများ၊ ဇာတ်ပွဲများစည်ကားစွာ ကျင်းပခဲ့ကြပါတယ်။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက ဘောလုံးကန်ခဲ့တဲ့၊ ပျော်ရွှင်ခဲ့တဲ့ နေရာတစ်ခုဖြစ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်တွင် တာဝန်ရှိသူတစ်ဦး၏ နှုတ်မိန့်ဖြင့် အဆိုပါ လွတ်လပ်ရေးကွင်းအား အမွေခွဲခဲ့ကြသော ကြောင့် လွတ်လပ်ရေးကွင်းလည်း ပျောက်ဆုံးခဲ့ရပါတယ်။ လွတ်လပ်ရေးကျောက်တိုင်မှာလည်း အဆောက်အအုံရဲ့ အနောက်ဘက်ကြားတွင် နေရာပျောက်ဆုံးပြီး ကျောက်တိုင်ထိပ်ပိုင်းကလေးသာ မြင်ရတဲ့အဆင့်ကို ရောက်ရှိခဲ့ရပါတယ်။ လွတ်လပ်ရေးကျောက်တိုင်မြေနေရာလည်း ချန်လှပ်ထားခဲ့မှု မရှိခဲ့ကြပါ။

Power Point ပြသခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ အဲဒါကတော့ လက်ရှိ ကျွန်တော်တို့ ကျောက်တိုင်ကို မြင်နေရတဲ့ပုံဖြစ်ပါတယ်။ ထိပ်ပိုင်းကလေးသာ မြင်ရပါတယ်။ နောက်တစ်ပုံပါ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။ ပုံမှာမြင်ရတဲ့အတိုင်း ကျွန်တော်တို့ မြို့နယ်အနေနှင့် လွတ်လပ်ရေး မရရှိသေးဘူးလား ထင်ကြရပါတယ်။ လွတ်လပ်ရေးကျောက်တိုင်လည်း ထိန်းချုပ်ခံနေရပါတယ်။ အဆိုပါ လွတ်လပ်ရေးကျောက်တိုင် မြေနေရာအား ယခင် အစိုးရအဆက်ဆက် မပြောရဲ၊ မထိရဲ၊ မကိုင်ရဲခဲ့ကြပါ။ ဒီမိုကရေစီအစိုးရလက်ထက်ကျမှပဲ ပြည်သူတွေ ပြည်သူ၏ဆန္ဒကို ပြောဆိုလာရဲကြသဖြင့် လွတ်လပ်ရေးကျောက်တိုင်မြေနေရာနှင့် အနီးအနားရှိ အဆောက်အအုံများကို ဖယ်ရှားပြီး လွတ်လပ်ရေးကျောက်တိုင်ကို ယခင်မူလအတိုင်း ထုံးဖြူများဖြင့် လှပတင့်တယ်စေလိုကြပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်သွေးချွေးများကိုရင်းပြီး အသက်ပေါင်းများစွာဖြင့် လဲလှယ်ခဲ့ကြတဲ့ လွတ်လပ်ရေးကို သားစဉ်မြေးဆက် ထာဝရအမှတ်ရစေရေးအတွက် သမိုင်းမှတ်တိုင်စိုက်ထူခဲ့ကြသည့် ကျောက်တော်မြို့နယ်ရှိ လွတ်လပ်ရေး ကျောက်တိုင်ကြီးအား လက်ရှိနေရာအတိုင်း ပြန်လည်တည်ရှိစေရေးအတွက် ကျောက်တော်မြို့နယ် ပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့ပေါ်ရှိ လွတ်လပ်ရေးကွင်း မြေနေရာတွင် စိုက်ထူထားသည့် လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်မြေနေရာအား ကိုယ်ကျိုးအတွက် ရယူထားရှိမှုများကို မူလ အတိုင်း ပြန်လည်ထားရှိပြီး လွတ်လပ်ရေးကျောက်တိုင်မြေနေရာအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

လက်ရှိ ကျောက်တိုင်၏ ထိပ်ပိုင်း မြင်နေရသည့်ပုံ (၉)



လက်ရှိ ကျောက်တိုင်၏ ထိပ်ပိုင်း မြင်နေရသည့်ပုံ (၉-၁)



လက်ရှိ ကျောက်တိုင်၏ ထိပ်ပိုင်း မြင်နေရသည့်ပုံ (၉-၂)




**မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၏ အထင်ကရသမိုင်းဝင်တောင်ဖြစ်သော တောင်ဝိုင်းတောင်(ခ)နာဂဝီသတောင်တန်း၏ အရှေ့ဘက်ခြမ်း (ကျိုက်မရောမြို့နယ်အပိုင်)ဘက်တွင် စီးပွားရေးသမားများ၏ တောင်ကို ခါးလယ်မှဖြိုချပြီး ကျောက်နှင့်မြေကြီးများ ထုတ်ယူရောင်းစားနေမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ကြုံတွေ့နေရခြင်းအပေါ် မည်သို့ထိန်းသိမ်း ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၏ အထင်ကရသမိုင်းဝင်တောင်ဖြစ်သော တောင်ဝိုင်းတောင်(ခ) နာဂဝီသတောင်တန်း၏ အရှေ့ဘက်ခြမ်း (ကျိုက်မရောမြို့နယ်အပိုင်)ဘက်တွင် စီးပွားရေးသမားများ၏ တောင်ကို ခါးလယ်မှဖြိုချပြီး ကျောက်နှင့်မြေကြီးများ ထုတ်ယူရောင်းစားနေမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ကြုံတွေ့နေရခြင်းအပေါ် မည်သို့ထိန်းသိမ်းဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီမေးခွန်းမေးရတဲ့ အကြောင်းအရင်းကတော့ ကျွန်မတို့ရဲ့ မော်လမြိုင်မြို့နယ်အတွင်းမှာရှိတဲ့ တောင်ဝိုင်းတောင်(ခ)နာဂဝီသတောင်များဟာ ကျွန်မတို့ရဲ့ မြတ်စွာဘုရားရှင် နှစ်ဉ်ဘဝက ဘုရားလောင်း ကြက်မင်းဘဝရှိစဉ်က အဲဒီတောင်ထိပ်မှာလာပြီးတော့ နားခိုဖူးတဲ့အတွက် ရွှေကြက်ကျဘုရားအမည်နဲ့ တည်ရှိတဲ့ ရှေးဟောင်းဘုရားအပါအဝင် ဘုရားစေတီများ၊ နောက် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ တရားစတင်ရှာဖွေတွေ့ရှိခဲ့တဲ့ နေရာဖြစ်တဲ့အပြင် မဟာစည် ရိပ်သာနှင့် သူတော်ကောင်းများ၊ တရားရှာဖွေရာတရားစခန်းများ၊ ဘုန်းကြီးကျောင်းများတည်ရှိရာ

သမိုင်းဝင် အထင်ကရ တောင်တန်းကြီးတစ်ခု ဖြစ်ပါတယ်။ တောင်တန်းရဲ့ အရှေ့ဘက်က ကျိုက်မရောအပိုင်ဖြစ်ပြီး အနောက်ဘက်က မော်လမြိုင်မြို့အပိုင်ဖြစ်ပါတယ်။ အဲဒီအပြင် တောင်ဝိုင်းတောင်ရဲ့ တောင်ဘက်အစွန်းတောင်ခြေမှာ မော်လမြိုင်မြို့ကို ရေပေးဝေနေတဲ့ ကျွန်မတို့ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ ကင်မွန်းခြံရေကန်ကြီးလည်း တည်ရှိပါတယ်။ ကင်မွန်းခြံရေကန်ဟာ ကျွန်မတို့ တောင်ဝိုင်းတောင်မှ လျှိုတွေ၊ ရေထွက်ပေါက်တွေကြောင့် ရှေးနှစ်ပေါင်းများစွာကတည်းက ကျွန်မတို့ရဲ့ မော်လမြိုင်မြို့ကို ရေပေးဝေခဲ့တဲ့ ရေကန်ကြီးလည်းဖြစ်ပါတယ်။ အဲဒီအပြင် တောင်ဝိုင်းတောင်တန်းကြီးနဲ့ ယှဉ်လျက်တည်ရှိတဲ့ မော်လမြိုင်မြို့ရဲ့ တစ်ခုတည်းသော လေဆိပ်ဟာလည်း ဒီတောင်ဝိုင်းတောင်တန်းကြီး တည်ရှိမှုကြောင့် သဘာဝဘေးဒဏ်ကနေပြီးတော့ အကာအကွယ်ရရှိစေတဲ့အပြင် ရာသီဥတုဆိုးဝါးတဲ့ အချိန်မှာ လေယာဉ်ဆင်းသက်နိုင်ဖို့အတွက် မြေပြင်အမှတ်အသားတစ်ခုအဖြစ်လည်း အသုံးပြုလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လွန်ခဲ့တဲ့နှစ်ကစပြီးတော့ အဲဒီ တောင်ဝိုင်း၊ တောင်ပေါ်မှာ သစ်ပင်စိုက်ဖို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ မြေရယူထားခဲ့သူတစ်ဦးကနေပြီးတော့ တောင်ဝိုင်း၊ တောင်တန်းကြီးကို ခါးလယ်ကဖြတ်ပြီး တောင်ကိုဖြိုချပြီးတော့ ကျောက်တုံးနဲ့ မြေကြီးတွေကို တစ်နေ့ ကားအစီး (၅၀)လောက် သယ်ပြီး ရောင်းချနေတဲ့အတွက် ကျိုက်မရောဘက်ခြမ်းမှာ တောင်တစ်ခြမ်းပဲ့နေပြီ ဖြစ်ပါတယ်။ တာဝန်သိပြည်သူတစ်ယောက်ရဲ့ သတင်းပေးပို့မှုကြောင့် တောင်ဖြိုမြေကြီး ရောင်းစားနေတဲ့သူကို ဖမ်းဆီးတရားစွဲဆိုခဲ့တဲ့နေရာမှာ သူရဲ့ဝန်ခံချက်အရ ကျိုက်မရောမြို့နယ် တရားရုံးက ထောင်ဒဏ်(၁၅)ရက်နဲ့ ဒဏ်ငွေ(၂၀၀)ကျပ် တပ်ရိုက်ခဲ့ကြောင်း သိရပါတယ်။ တရားစွဲဆိုဖို့ သက်ဆိုင်တဲ့ ဥပဒေရဲ့ အားနည်းမှုကြောင့် အခုအချိန်မှာ ဒီမြေနဲ့ကျောက်ကို ပြန်လည်တူးဖော်နေတယ်လို့လည်း သိရပါတယ်။

ဒီတောင်ဝိုင်း၊ တောင်ကြီး ပျောက်ကွယ်သွားမှာကို စိုးရိမ်ပြီးတော့ ပြန်လည်ထိန်းသိမ်းပေးဖို့လည်း ပြည်သူတွေက လိုလားနေကြပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်ရှင်။ ဒါတောင်ဝိုင်း တောင်ပေါ်မှာရှိတဲ့ ရွှေကြက်ကျဘုရား ဖြစ်ပါတယ်ရှင်။ ဒါတောင်ဝိုင်းတောင်ကို ခါးလယ်ကဖြိုထားတဲ့ အနေအထားဖြစ်ပါတယ်ရှင်။ ဒါကတော့ ဒီတောင်ပေါ်က ဖြိုထားတဲ့ ကျောက်နဲ့မြေကြီးကို သယ်တဲ့ကား ဖြစ်ပါတယ်ရှင်။ ဒါ ကားနဲ့ သယ်ထုတ်နေခြင်းဖြစ်ပါတယ်။ အခုဆိုရင် ဒီလမ်းကြီးဟာ ကား(၂)စီး(၃)စီး တစ်ပြိုင်တည်းသွားလို့ရတဲ့ အနေအထားရှိနေပြီး ဖြစ်နေပါတယ်။ ဒါကတောင်ကို ဖြိုနေတဲ့စက်ဖြစ်ပါတယ်။ ဒါဖြိုထားတဲ့ အနေအထားတွေ ဖြစ်ပါတယ်ရှင်။ ဒါလည်း ကားတွေနဲ့ မြေကြီးသယ်တဲ့ လမ်းကြီးဖြစ်ပါတယ်ရှင်။ ဒါ ဖြိုထားတာပါ။ ဖြိုထားတဲ့ အနေအထားပါ။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ မော်လမြိုင်မြို့မှာရှိတဲ့ ပြည်သူများရဲ့ တောင်းဆိုချက်အရရော၊ တောင်ဝိုင်း၊ တောင်တန်းမှာရှိတဲ့ ရေထွက်ပေါက်တွေ ပျက်စီးသွားမယ်ဆိုရင် အဲဒီတောင်ကို အခြေပြုတည်ရှိနေတဲ့ မော်လမြိုင်မြို့ကို ရေပေးဝေတဲ့ အဓိက ရေကန်ကြီးဖြစ်တဲ့ ကင်မွန်းခြံကန်ဟာ ဒီရေခန်းသွားမယ့် အန္တရာယ်နဲ့လည်း ကြုံတွေ့နိုင်တဲ့အတွက် ဒီသမိုင်းဝင် တောင်ဝိုင်း တောင်တန်းကြီး ရေရှည်တည်တံ့စေရေးအတွက် ကျွန်မတို့အစိုးရက မည်သို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့ အစီအစဉ်

များ ပြုလုပ်နေတယ်ဆိုတာကို သိရှိလိုတဲ့အတွက် မော်လမြိုင်မြို့နယ် ပြည်သူများရဲ့ ကိုယ်စားဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။

တောင်ဝိုင်း တောင်ပေါ်တွင် တည်ရှိသော ရှေးဟောင်း ရွှေကြက်ကျဘုရား မြင်ကွင်းပုံ (စျ)



တောင်ဝိုင်းတောင်အား ခါးလယ်မှ စက်ဖြင့် ဖြိုနေသည့် မြင်ကွင်းပုံ (စျ-၁)




တောင်ဝိုင်းတောင်အား ဖြိုထားသည့်အနေအထား မြင်ကွင်းပုံ (စျ-၂)



**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးညီထွန်း(နေပြည်တော်ကောင်စီဝင်)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီမှ ကောင်စီဝင် ဦးညီထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်၏ မေးခွန်းကို ပထမဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ လွတ်လပ်ရေးကွင်း မြေနေရာတွင် စိုက်ထူထားသည့် လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်မြေနေရာအား ကိုယ်ကျိုးအတွက် ရယူထားရှိမှုများကို မူလအတိုင်း ပြန်လည်ထားရှိပြီး ယင်းလွတ်လပ်ရေးကျောက်တိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်ပါ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်မြေနေရာမှာ မြို့သစ်ရပ်ကွက် ကွင်းအမှတ် (၁-က)၊ ဦးပိုင်အမှတ်(၃၅၈)ရှိ မြေဧရိယာ(၁.၈၄၈)ဧကကျယ်ဝန်းပြီး မြေစာရင်းမှတ်တမ်းများအရ မြို့နယ် ရုံးတော်ဟု ဖော်ပြထားသည့်အတွက် ယခင်က အုပ်ချုပ်ရေးရုံး အခြေစိုက်ခဲ့သော ရုံးမြေနေရာဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် အဆိုပါ မြေနေရာတွင် ဒေသအာဏာပိုင်များက လွတ်လပ်ရေး ကျောက်တိုင် စိုက်ထူခဲ့ပြီး မြို့မအားကစားကွင်းအဖြစ် သတ်မှတ်ခဲ့ကြပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် အားကစားကွင်းအား နေရာရွှေ့ပြောင်းခဲ့ပြီး အဆိုပါ မြေနေရာတွင် စာတိုက်နှင့် ကြေးနန်းရုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးနှင့် သာသနာ့ဗိမာန်အဆောက်အအုံများ ဆောက်လုပ်ခဲ့ကြပါသည်။ အဆိုပါ မြေနေရာတွင် ၁၉၉၃ ခုနှစ်၌ မြို့မဈေးအဖြစ် ဈေးဆိုင်ခန်းပေါင်း (၃၆၇)ခန်းကို ဆောက်လုပ်ခဲ့ပြီး ယင်းဆိုင်ခန်းများကို ကန်ထရိုက်မှ စိုက်ထုတ်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်၍ ၎င်းကန်ထရိုက်မှပင် ဈေးသည်များသို့ ဆိုင်ခန်းများ တိုက်ရိုက်ရောင်းချခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မြေနေရာချထားခဲ့ပြီး ၂၅-၈-၂၀၁၈ ရက်နေ့အထိ (၁၀)နှစ် မြေငှားဂရန် ချထားပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ယင်းမြေပေါ်တွင် ဈေးဆိုင်ခန်းများ ဆောက်လုပ်ရေးအတွက် ၃၁-၁-၂၀၁၇ ရက်နေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လျှောက်ထားခဲ့ရာ ၁၆-၅-၂၀၁၇ ရက်နေ့တွင် ခွင့်ပြုချက်အမှတ် (၃/၂၀၁၇)ဖြင့် နှစ်ထပ်ဈေးဆိုင်ခန်း အဆောက်အအုံ ဆောက်လုပ်ရန် ခွင့်ပြုခဲ့ပါသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ယခင် စည်ပင်ဝန်ကြီး ဦးမင်းအောင် ၏ ကျောက်တော်မြို့သို့ ခရီးစဉ်တွင် ဆောက်လုပ်နေသော အဆောက်အအုံအား ရပ်တန့်ရန် ညွှန်ကြားခဲ့သဖြင့် ၂၁-၆-၂၀၁၇ ရက်နေ့တွင် ရပ်နားခဲ့ပြီး ၁၃-၈-၂၀၁၈ ရက်နေ့တွင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဆိုင်ခန်းများ ပြန်လည်ဆောက်လုပ်ခွင့်ရရှိရေး ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့သို့ ထပ်မံတင်ပြခဲ့ပါသည်။

ထို့ကြောင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရာ ကန့်ကွက်ရန်မရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခဲ့သဖြင့် ဆက်လက်ဆောက်လုပ်ခဲ့ပါသည်။ ထို့အပြင် ၎င်းမြေပေါ်တွင် ဓာတ်ပုံဆိုင် တစ်ဆိုင်နှင့် အဟောင်းထည်အရောင်းဆိုင် တစ်ဆိုင်၊ ကျူးကျော် ဆောက်လုပ်ထားရှိပြီး လွှတ်လပ်ရေးကျောက်တိုင်မှာ လက်ရှိအဟောင်းထည်ဆိုင် မြေနေရာအတွင်းမှာ တည်ရှိလျက်တွေ့ရှိပါသည်။ အဆိုပါမြေအား လက်ရှိအသုံးချထားမှု၊ အသုံးပြုထားမှုအခြေအနေမှာ ရေကြောင်းပို့ဆောင်ရေးရုံး (၀.၀၃)ဧက၊ စာတိုက်ရုံး(၀.၀၈၆)ဧက၊ သာသနာ့ဗိမာန် (၁)ဧက၊ မြို့မဈေး(၀.၆၂၆)ဧက၊ ပြည်ခိုင်ဖြိုးပိုင်မြေနေရာ (၀.၀၆၉)ဧက၊ ဦးလှမြင့် ဓာတ်ပုံဆိုင် (၀.၀၂)ဧက၊ ဦးကျော်သာ အဟောင်းထည်ဆိုင်(၀.၀၁)ဧက၊ လွှတ်လပ်ရေးကျောက်တိုင်နေရာ (၀.၀၀၇)ဧကဖြစ်ပြီး စုစုပေါင်း(၁.၈၄၈)ဧက ဖြစ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးကျောက်တိုင်ကွင်းအား ပြန်လည်ဖော်ထုတ်မည်ဆိုပါက ရေကြောင်းပို့ဆောင်ရေးရုံး၊ မြို့မဈေးမှ ဈေးဆိုင်ခန်းများ၊ အဟောင်းထည်ဆိုင်၊ ဓာတ်ပုံဆိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ၎င်းတို့၏ ဈေးဆိုင်ခန်းများအား မလွဲမသွေ ဖယ်ရှားရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ပါက ဈေးသူ၊ ဈေးသား၊ ဆိုင်ခန်းပိုင်ရှင်များနှင့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် လွတ်လပ်ရေးကျောက်တိုင်အား ချမ်းမြေ့နဒီပန်းခြံအတွင်း ပြောင်းရွှေ့တည်ဆောက်ပါက ပိုမိုသင့်လျော်မည်ဟု သုံးသပ်ထားရှိပါကြောင်းနှင့် လက်ရှိလွတ်လပ်ရေးကျောက်တိုင်အား နှစ်စဉ်နှစ်တိုင်း ထုံးသုတ်ဆေးသုတ်ခြင်းမှအပ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်မရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အပေါ် ကိုယ်စား ဖြေကြားတင်ပြအပ်ပါသည်ခင်ဗျား။

ဆက်လက်ပြီး မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ၏ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၏ အထင်ကရသမိုင်းဝင်တောင်ဖြစ်သော တောင်ဝိုင်းတောင်(ခ) နာဂဝိသတောင်တန်း၏ အရှေ့ဘက်ခြမ်း (ကျိုက်မရောမြို့နယ်အပိုင်)ဘက်တွင် စီးပွားရေးသမားများက တောင်ကို ခါးလယ်မှဖြို့ချပြီး ကျောက်နှင့်မြေကြီးများ ထုတ်ယူရောင်းစားနေမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ကြုံတွေ့နေရခြင်းအပေါ် မည်သို့ထိန်းသိမ်းဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအုပ်စု၊ ထားဝယ်ဘုန်းတော်ကြီးကျောင်းတစ်လျှောက်တောင်ညိုတောင်တန်းအောက်ခြေဘက် ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS)ကျေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ (၂၁.၇၀)ဧကရှိတဲ့ ဥယျာဉ်ခြံမြေ အမျိုးအစားပေါ်မှာရှိတဲ့ တောင်ကုန်းမြေတွင် ပုံစံ(၇) ရရှိထားသူ ဦးစိုးလင်းအောင်မှ လမ်းဖောက်လုပ်ခြင်းအား အကြောင်းပြု၍ စက်ယန္တရားများဖြင့် မြေကြီးများတူးဖော်ပြီး ပြင်ပသို့ ရောင်းစားနေသဖြင့် ပိန်းနဲကုန်းကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အကြိမ်ကြိမ်တားမြစ်ခဲ့သော်လည်း ထပ်မံတူးဖော်မှုများ ပြုလုပ်ခဲ့ပါသည်။

ထို့ပြင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တားမြစ်မှုအပေါ်တွင်လည်း လိုက်နာမှုမရှိသဖြင့် ၂-၁၁-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် အပါအဝင် ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၊ မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျိုက်မရောမြို့နယ်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့မှ နယ်မြေကွင်းဆင်းစစ်ဆေးခဲ့ရာ တရားဝင်ခွင့်ပြုချက်မရှိဘဲ တရားမဝင် မြေတူးဖော်နေကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဦးစိုးလင်းအောင် အား အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် ဥပဒေပုဒ်မ -၁၀၇ (ဆ)ဖြင့် ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင် မှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ပါသည်။ ၂၁-၁၁-၂၀၁၈ ရက်နေ့တွင် ကျိုက်မရောမြို့နယ် တရားရုံးမှ အမှုအား ကြားနာစစ်ဆေးခဲ့ရာ ခွင့်ပြုချက်မရှိဘဲ တရားမဝင် မြေကြီးတူးဖော်နေသဖြင့် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် ဥပဒေ ပုဒ်မ -၁၀၇ (ဆ)အရ အပြစ်ရှိကြောင်း တွေ့ရှိရသဖြင့် ဦးစိုးလင်းအောင် အား ငွေဒဏ်(၂၀၀)ကျပ်နှင့် ထောင်ဒဏ် (၁၅)ရက်အား ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

အဆိုပါ မြေတူးဖော်ခြင်းကိစ္စရပ်မှာလည်း တူးဖော်သည့် မြေနေရာ၏ အနီးအနားရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)မှ ၎င်းတို့ပိုင် မြေဧရိယာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ခွင့်ပြုပေးခဲ့သော မီတာ(၄၀၀) Synthetic ပြေးလမ်း (၂)လမ်း၊ RC ကျောင်းအုပ်ချုပ်ရေးမှူးရုံး (၁)လုံး၊ RC(၃)ထပ် (၁၀)ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အဦ (၁)လုံး၊ (၂)ခန်းတွဲ အရာထမ်းအိမ်ရာ(၁)လုံးတို့ ဆောက်လုပ်ရန်အတွက် မြေနေရာဖြတ်ညှိလိုကြောင်း၊ မြေဖြတ်ညှိခြင်းမှ ထွက်ရှိသော အပေါ်ယံမြေသားအား ဘောလုံးကွင်းအမှတ်(၂)ကို မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနပိုင် မြေဧရိယာအတွင်း မြေသားဖြတ်ညှိခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခွင့်ပြုပေးထားခြင်း မရှိပါသဖြင့် Non Cost စနစ်ဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြလာသဖြင့် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)ပိုင် မြေဧရိယာအတွင်းမှာသာ ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်းနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအုပ်စု တောင်ညိုတောင်တန်းများပေါ်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ခွင့်ပြုချက်မရှိဘဲ တရားမဝင် မြေကြီးတူးဖော်ခြင်း၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခြင်းများမရှိစေရန် ယခုအခါ ကွန်ကရစ်ငုတ်တိုင်(၃)တိုင် စိုက်ထူခြင်း၊ သက်ဆိုင်ရာ ပိန်းနဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့မှ အနီးကပ်စောင့်ကြည့် သတင်းပေးလျက်ရှိခြင်းတို့ကြောင့် လက်ရှိတွင် မြေကြီးတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု မရှိတော့ဘဲ ရပ်ဆိုင်းသွားပြီးဖြစ်ပါသည်။

မော်လမြိုင်မြို့၏ အထင်ကရ သမိုင်းဝင်တောင်ဖြစ်သော တောင်ဝိုင်းတောင်(ခ) နာဂဝီသ တောင်တန်း၏ အရှေ့ဘက်ခြမ်း (ကျိုက်မရောမြို့နယ်အပိုင်)ဘက်တွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ မကြုံတွေ့စေရန်အတွက် (က) တောင်ကမ်းပါးယံတွင် ဗာတီဘာမြက်၊ နတ်မြွေပင်၊ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်း၊ (ခ)မိုးရေမှတစ်ဆင့် ရေတိုက်စားကာ တောင်အောက်ကန်ဘက်ရှိ ချောင်းများ၊ မြောင်းများ၊

ညစ်ညမ်းမှုမဖြစ်ပေါ်စေရန် နုန်းစစ်ကန်၊ နုန်းတားကန်များ ပြုလုပ်ခြင်း၊ (ဂ) ရေဝေရေလဲ အစားထိုး စိုက်ခင်းများ တည်ဆောက်ခြင်း၊ (ဃ) အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (င) သတိပေး ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ (စ) ဥပဒေအရ တားမြစ်ခြင်း၊ (ဆ) ၎င်းနေရာတွင် ကျောက်၊ မြေထုတ်ယူ ခြင်းနှင့် ပတ်သက်၍ တရားဝင်ထုတ်လုပ်ခွင့် လိုင်စင်ပိတ်ပင်ခြင်း၊ တရားမဝင်ထုတ်လုပ်မှုများ တားဆီးခြင်း စသည့်လုပ်ငန်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အား ကိုယ်စားဖြေကြားတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ကျွန်တော့်မေးခွန်းအပေါ် လာဖြေပေးတဲ့ နေပြည်တော်အဆင့် ကောင်စီဝင်အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ခုနကဖြေတဲ့ မေးခွန်းထဲမှာ လက်ရှိ ကျောက်တိုင်ကို ထုံးဖြူသုတ်ပေးမယ်ဆိုပြီး ဖြေသွားတာရှိပါတယ်။ ထုံးဖြူ သုတ်မယ်ဆိုရင် အဲဒီ ကျောက်တိုင်က ဆိုင်တွေရဲ့ အနောက်ဘက်တွေကို ရောက်နေပါမယ်၊ ကျွန်တော်တို့ ဖြစ်စေချင်တာက ရေကြောင်းရုံးကို ရွှေ့ရင်ရပါမယ်။ ပြီးရင် တရားမဝင်တဲ့ အဆောက်အအုံတွေရှိပါတယ်။ ကျူးကျော်တွေ လည်း ခုနက နေပြည်တော်ကောင်စီဝင် ဖြေတဲ့အထဲမှာ ပါ ပါတယ်။ ကျူးကျော်အဆောက်အအုံတွေ၊ တရားမဝင်တဲ့ အဆောက်အအုံတွေကို ပြန်လည်ဖယ်ပြီး ထုံးဖြူသုတ်မှသာ အဆင်ပြေနိုင်မည်ဖြစ်ပါတယ်။ အဲဒါကြောင့် တရားမဝင်တဲ့ အဆောက်အအုံတွေ၊ ကျူးကျော်တဲ့ စိုက်ခင်းတွေ၊ ပြန်လည်ဖယ်ရှားပေးဖို့ အစီအစဥ် ရှိ/မရှိ ထပ်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးညီထွန်း(နေပြည်တော်ကောင်စီဝင်)။** ။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်အရတော့ မူလ ရခိုင်ပြည်နယ်မှ ဖြေကြားထားတာကတော့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဦးဝင်းမြင့်၊ စည်ပင်သာယာရေးဝန်ကြီးမှ ဖြေကြားထားခြင်းဖြစ်ပါတယ်။ ၎င်းအနေနဲ့တော့ လောလောဆယ် ခုနက ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း ဒီဟာနဲ့ပတ်သက်ပြီးတော့ လွတ်လပ်ရေးကျောက်တိုင်နဲ့ ပတ်သက်ပြီးတော့ ချမ်းမြေ့နဒီပန်းခြံကို ပြောင်းရွှေ့ဖို့ အစီအစဥ်ကိုပဲ ပိုမိုသင့်လျော်မယ်လို့ သုံးသပ် ကြောင်း၊ သုံးသပ်ထားပါတယ်။ တကယ်လို့ ဒီဟာတွေကို ဖယ်ရှားမယ်ဆိုလို့ရှိရင်တော့ ဈေးသူ ဈေးသားတွေ ဆိုင်ခန်းပိုင်ရှင်တွေနဲ့ ထိပ်တိုက်တွေ့ပြီးတော့ မလိုလားအပ်တဲ့ ပြဿနာ ပိုမိုဖြစ်ပေါ် လာနိုင်တာ ဖြစ်တဲ့အတွက်ကြောင့် -----------------

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ သူမေးတာက ခုနက တရားမဝင်တာတွေ ဖယ်ပေးနိုင်မလား မေးတာပါ။ အဲဒီတော့ ဖြေနိုင်ရင်လည်း ဖြေ၊ မဖြေနိုင်ရင်လည်း နောက်မှဖြေကြားရန် ပြောရတယ်။ ခုနက သူမေးထားတာ မေးတာနဲ့ ဖြေကြားတာ လွဲနေလို့နော်။ သူပြောတာ ရှင်းရှင်းလေးပဲ တရားမဝင်ဘူး ဆိုတဲ့ အဆောက်အအုံတွေပါတယ်။ နောက် ဖြေသွားတာရှိတယ်။ အဲဒါတွေ ဖယ်ပေးနိုင်မလား သူမေးတာ။ နောက် ကိုယ်တိုင်မဖြေနိုင်ဘူးဆိုလည်း နောက်ပြန်မေးမြန်းပြီးတော့မှ ----------------------

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၆ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၆။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၂၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင်(၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၂၇။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့ဆွေးနွေးမယ့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ဥပဒေကြမ်းမှာ အခန်း(၇)၊ အပိုဒ် ၂၃၊ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ် နိုင်သည့် အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။ သို့ရာတွင် လက်ထပ်ထိမ်းမြားခြင်း စာချုပ် ချုပ်ဆို၍ ထိမ်းမြား လက်ထပ်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီး ဖြစ်ရမည်ဟု ပါရှိပါသည်။ ကျွန်မအနေနဲ့ အပိုဒ် ၂၃ တစ်ပိုဒ်လုံးကို ပယ်ဖျက်ချင်ပါတယ်။ အကြောင်း ပြချက်(၁)၊ ဥပဒေ၏ အခန်း(၁)၊ အပိုဒ်(၁)တွင် ဤဥပဒေကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်ဟု ဆိုထားပါသည်။ အပိုဒ် ၂၃ သည် ကလေးသူငယ်အခွင့်အရေးများနှင့်

မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။ အကြောင်းပြချက်(၂)၊ အခန်း(၁)၊ အပိုဒ် ၃(ခ) ကလေးသူငယ်ဆိုသည်မှာ အသက်(၁၈)နှစ် မပြည့်သေးသောသူကိုဆိုသည်။ အပိုဒ် ၂၃ ဒုတိယပိုဒ်တွင် သို့ရာတွင် ထိမ်းမြားလက်ထပ်ခြင်း စာချုပ် ချုပ်ဆို၍ ထိမ်းမြားလက်ထပ်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ပါရှိပါသည်။ ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကလေးသူငယ်ဆိုသည်မှာ အသက်(၁၈)နှစ် မပြည့်သေးသောသူကို ဆိုသည်။

ထို့ကြောင့် အသက်(၁၈)နှစ် မပြည့်သေးသောသူများအတွက် အခွင့်အရေးဟု ဆိုထားသဖြင့် ဤအပိုဒ်ပါ အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်ဟုဆိုပါသဖြင့် ရှေ့နောက် မညီပါ။ အကြောင်းပြချက် (၃)၊ ဤဥပဒေ၏ အခန်း(၁)၊ အပိုဒ်(၃)(ဃ) ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားဆိုသည်မှာ အလေးသူငယ်၏ အသက်ရှင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှု ရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်စေသည့် ကလေးသူငယ် အခွင့်အရေး ရရှိခံစားခြင်းကို ဆိုသည်။ ဤတွင်လည်း ကလေးသူငယ်လက်ထပ်ခြင်း အသက်နှင့်ပတ်သက်သည့်အချက် မပါဝင်ပါ။ အကြောင်းပြချက်(၄)၊ အခန်း(၇)၊ အပိုဒ်(၂၃)၊ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်စေရမည်။ မြန်မာပြည်၏ ဓလေ့ထုံးတမ်းဥပဒေများတွင် လက်ထပ်နိုင်သည့် အသက်မှာ အလွန်ကွဲပြားခြားနားသည်။ များလှစွာသော ဓလေ့ထုံးတမ်းဥပဒေများမှာ (၁၅)နှစ် ပတ်ဝန်းကျင်သာဖြစ်သည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ အမျိုးသမီးငယ်များ အခန်းကဏ္ဍ၊ အသိပညာပေးခြင်း အခန်း(၃)(ခ)တွင် အမျိုးသမီးငယ်များ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အရွယ်မတိုင်မီ လက်ထပ်ခြင်း၊ ပညာသင်ကြားခွင့်ရရန် အားမပေးခြင်း စသည့် လူ့အဖွဲ့အစည်း၏ ဓလေ့ထုံးစံ ခံယူချက်သဘောထားနှင့် ကျင့်သုံးမှုများကို ပြောင်းလဲစေရန် လူထုအခြေပြု အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်နေသည်ဟု ဖော်ပြထားပါသည်။ အခန်း(၇)၊ အပိုဒ်(၂၃) ဒုတိယပိုဒ်မှာ သို့ရာတွင် ထိမ်းမြားလက်ထပ်ခြင်း စာချုပ် ချုပ်ဆို၍ ထိမ်းမြားလက်ထပ်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီး ဖြစ်ရမည်။ ဥပဒေ၏အပိုဒ်တစ်ခုတည်းတွင် (၁၈)နှစ်အောက်နှင့် (၁၈)နှစ်အထက်ဖြစ်နေသည်။ ထို့ကြောင့် အခန်း(၇)၊ အပိုဒ်(၂၃)သည် ကလေးအခွင့်အရေးဥပဒေ အသက်(၁၈)နှစ်အောက်နှင့်လည်း မသက်ဆိုင်၊ ဥပဒေတစ်ခုတည်းတွင် ဒွိဟဖြစ်စရာ ဖြစ်နေတယ်။ ကလေးအကျိုးစီးပွားနှင့် သက်ဆိုင်ခြင်းလည်းမရှိသောကြောင့် အခန်း(၇)၊ အပိုဒ်(၂၃)ကို ပယ်ဖျက်လိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။**　　　　။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် အပိုဒ်ကတော့ အပိုဒ် ၂၃ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် တစ်ပိုဒ်လုံးကို ပယ်ဖျက်လိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကတော့ ကလေးသူငယ်ကို လက်ထပ်ထိမ်းမြားတဲ့ ဥပဒေ မဖြစ်ရပါ။ ထိမ်းမြားလက်ထပ်တဲ့ ဥပဒေဘာသာတိုင်း၊ လူမျိုးတိုင်းမှာ သီးခြားစီရှိပါတယ်။ ဒီဥပဒေကတော့ ကလေးသူငယ်ရဲ့ အခွင့်အရေးဆိုင်ရာ ဥပဒေ ဖြစ်ပါတယ်။ ပုဒ်မ ၃ (ခ)မှာတော့ ကလေးသူငယ် ဆိုသည်မှာ အသက်(၁၈)နှစ်မပြည့်သေးသောသူကို ဆိုသည်လို့ ဖော်ပြထားပါတယ်။ အပိုဒ် ၂၃ မှာတော့ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်။ အမျိုးသားနှင့် အမျိုးသမီးရဲ့ အဓိပ္ပာယ်ကတော့ ကလေးလို့ အဓိပ္ပာယ်မရသလို အသက်မှာလည်း (၁၈)နှစ်ပြည့်ပြီးလို့ ဆိုထားတယ်။

ဒါကြောင့် အခန်း(၇)မှာ ခေါင်းစဉ်ကတော့ ကလေးသူငယ်ရဲ့ အခွင့်အရေးများလို့ ပြောထားပါတယ်။ ဤဥပဒေ အသက်(၁၈)နှစ်အောက် ကလေးသူငယ်ဖြစ်သည့်အတွက် အသက်(၁၈)နှစ် ပြည့်ပြီး အရွယ်ရောက်သူဖြစ်သည့် အမျိုးသားနှင့် အမျိုးသမီး ပါဝင်လာခြင်းမှာ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ၌ ကိုက်ညီမှုမရှိပါ။ ဘာကြောင့်လဲဆိုတော့ အခန်း(၂၂)၊ အပိုဒ် ၈၀၊ ကလေး သူငယ်တရားရုံးသည် အပိုဒ်(ခ) ပြစ်မှုကျူးလွန်သည့်အချိန်တွင် အသက်(၁၈)နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာလျှင် တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီပြင်ဆင်ချက် အပိုဒ် (၁၂၀)မှာ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေ အရသာလျှင် အရေးယူဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။

ဒါဆိုရင် ပုဒ်မ ၂၃ အဓိပ္ပာယ်ကို ပြောရမယ်ဆိုရင် အသက်(၁၈)နှစ် ပြည့်ပြီးတဲ့သူ ပြဿနာ ဖြစ်ရင် ဒီဥပဒေဟာ ကလေးသူငယ်တရားရုံးမှာသာမက အထက်ခရိုင် တရားရုံးကိုပါ တရားစွဲဆိုလို့ ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါက်နေပါတယ်။ ဟိန္ဒူဥပဒေ၊ ခရစ်ယာန်ဥပဒေ၊ အစ္စလာမ်ဥပဒေတွေနဲ့ ပြဿနာဖြစ်နိုင်ပါတယ်။ ပြဿနာကတော့ ဤဥပဒေပါ ပြစ်မှုကို ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်ထားလို့ပါ။ အသက်(၁၈)နှစ်အောက် အမျိုးသားနဲ့ အမျိုးသမီးနှစ်ဦးကို နှစ်ဖက်မိဘ ဘယ်လောက်ပဲ သဘောတူတူ ရဲအရေးပိုင်သည့် ပုဒ်မဖြစ်လို့ တရားရုံးက ရဲက တရားလို လုပ်လို့ ရတယ်၊ တရားစွဲဆိုလို့ရတာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ပုဒ်မ ၂၃ က အတိအကျ ပြဋ္ဌာန်း ထားလို့ဖြစ်ပါတယ်။ အပိုဒ် ၃(ဂ)၊ ပုဒ်မခွဲ(၄)မှာတော့ အတင်းအကျပ် လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း၊ ဒါကိုတော့ ပြစ်ဒဏ်အပိုင်းမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၂၃ကို တစ်ပိုဒ်လုံးကို ပယ်ဖျက်လိုပါတယ်။

နောက်တစ်ခု ဆွေးနွေးချင်တာကတော့ အခန်း(၈)၊ ကလေးသူငယ်ကို မွေးစားခြင်း၊ အပိုဒ် ၂၈(က) မြန်မာနိုင်ငံသားတစ်ဦးဦးသည် အောက်ဖော်ပြပါ ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်

အညီ လျှောက်ထားနိုင်ပါတယ်လို့ ဆိုထားပါတယ်။ ကျွန်တော် ပြင်ဆင်ဖြည့်စွက်လိုတာကတော့ မြန်မာနိုင်ငံသားတစ်ဦးဦးသည် မြန်မာနိုင်ငံသား ကလေးသူငယ်အား မြန်မာနိုင်ငံသား မွေးစားရန် အောက်ဖော်ပြပါ ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာမွေးစားခြင်း၊ မှတ်ပုံတင်ခြင်း၊ လူဝင်မှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါတယ်လို့ ပြင်ဆင်လိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်ဒေသဖြစ်တဲ့ မောင်တောမြို့သည် နယ်စပ်မြို့ဖြစ်ပြီး တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ လူဦးရေများပြားသည့် နိုင်ငံတစ်နိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါတယ်။ လူဦးရေ စီးဝင်မှုများလည်း ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ ယခင်အစိုးရလက်ထက် မိဘမဲ့ကလေးဆိုပြီး ဘင်္ဂါလီ လူမျိုးကလေး(၁၀၀၀၀)ကျော်ကို မောင်တောမြို့နယ် တရားရုံး၌ အမှုတွဲ(၁၀၀၀)ကျော်ဖွင့်ကာ ငွေပေးပြီး ကလေးအမေ၊ အဖေ ခံကာ မွေးစားခဲ့ကြပါတယ်။ ဒီကလေးတွေက တစ်ဘက်နိုင်ငံက ကလေးလား၊ ဒါမှမဟုတ် ဒီဘက်က ကလေးလား ဆိုတာကို ယခုအချိန်ထိ ရှိနေဆဲဖြစ်ပါတယ်။ ဒီပြဿနာတွေရှိတာကြောင့် ဒီ ဖြည့်စွက်လိုရခြင်းဖြစ်ပါတယ်။

အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (မ) မှာကျတော့ လျစ်လျူရှုခြင်းဆိုသည်မှာ မိဘ၊ အုပ်ထိန်းသူသို့မဟုတ် ကလေးနဲ့ထိတွေ့သည့် ဆက်ဆံနေကြသူများက ကလေးသူငယ်အပေါ် လုံလောက်သောအစားအစာ၊ အဝတ်အစားများ၊ ကျန်းမာရေးအတွက် ဂရုစိုက်စောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှု၊ နွေးထွေးစေသည့် ကလေးသူငယ်အတွက် အခြေခံလိုအပ်ချက်များအား ဖြည့်စွက်ပေးရန် ပျက်ကွက်ဟုဆိုလိုသည်မှာ အဲဒါမှာ ပညာရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဂရုစိုက်ရန် ဆိုတဲ့ ပညာရေးအကျိုး ဆိုတဲ့ စကားလုံးကို ဖြည့်စွက်လိုပါတယ်။ ကလေးသူငယ်ရဲ့ အခွင့်အရေးသည် စစ်မှန်သော ကလေးသူငယ်ဘဝရောက်ရှိဖို့အတွက် မွေးစာရင်း၊ နိုင်ငံသားမှတ်ပုံတင်၊ နေထိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်ခိုင်းစေခြင်း၊ တပ်သားအဖြစ်စုဆောင်းခြင်း၊ ကုလသမဂ္ဂလက်မှတ်ရေးထိုးခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ရန်ပုံငွေဘဏ္ဍာရေးခွင့်ပြုခြင်းသည် ကလေးသူငယ်အခွင့်အရေးရရှိနိုင်ရေးအတွက် အဓိကထား စဉ်းစားသင့်ကြောင်း ဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်(တပ်မတော်သားကိုယ်စားလှယ်)** ။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းမှာ အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)(ည) (ဋ)၊ (ဌ)၊ (ဍ)နှင့် ပုဒ်မ ၁၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)တို့ကို အဆိုပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသည့် (၂)အခြားခိုင်လုံသော အထောက်အထား၊ စာသား၊ အမှတ်အသား ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရန်နှင့် ၎င်းနှင့် တစ်ဆက်တစ်စပ်တည်းသော ပုဒ်မ ၁၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၆)တွင် ပါရှိသည့် ပုဒ်မခွဲငယ်(၁)မှ (၅)အထိ သတ်မှတ်ထားသော အထောက်အထားများ မရရှိပါက အခြားခိုင်လုံသော အထောက်အထား၊ စာတမ်း၊ အမှတ်အသားတစ်ခုခုဟူသည့် စကားရပ်ကို ပယ်ဖျက်ရန် အဆိုပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုပါ စကားရပ်ကို ပယ်ဖျက်ရတဲ့ အကြောင်းအရင်း ကတော့ အခြားခိုင်လုံသော အထောက်အထား၊ စာတမ်း၊ အမှတ်အသား ဟူသည့် စကားရပ်သည် ယေဘုယျဆန်၍ အဓိပ္ပာယ်တိတိကျကျ ဖော်ပြနိုင်ခြင်းမရှိသည့်အပြင် အထောက်အထား ခိုင်လုံမှုကို တာဝန်ခံသတ်မှတ်မည့်သူ မပါရှိပါသောကြောင့် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည)ကို အဆိုပြု ပြဋ္ဌာန်းချက်ပါအတိုင်း ပြည်သူ့လွှတ်တော်ကရော၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကပါ အတည်ပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်အဆိုပြုလိုတာကတော့ ဖော်ပြပါ အတိုင်း သင်တန်းကျောင်းဆိုသည်မှာ ဤဥပဒေအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေး သူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ကြီးဌာန၏ စိစစ်ကြီးကြပ်မှုဖြင့် တည်ဆဲဥပဒေများနှင့်အညီ တည်ထောင်ထားသော သင်တန်း ကျောင်းကို ဆိုသည်ဟူ၍ ပြင်ဆင်အဆိုပြုလိုပါတယ်။ အကျိုးအကြောင်း ဖော်ပြချက်များအနေနဲ့ ကျွန်တော်ဆွေးနွေးမယ့် ပုဒ်မခွဲ(၄)ခုစလုံး အတူတူဖြစ်တဲ့အတွက် တစ်ပေါင်းတည်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဋ)ကို အဆိုပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းပါ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဋ)ကို အဆိုပြု ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုစောင့်ရှောက်ရန် ရည်ရွယ်၍ စကားရပ်အစား ပြည်သူ့လွှတ်တော်က ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုစောင့်ရှောက်ရန် ဟူ၍ ပြင်ဆင်ထားပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစု ပျိုးထောင်ရန်ဟူ၍ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်အဆိုပြုလိုတာကတော့ ဖော်ပြပါ အတိုင်း ပရဟိတဂေဟာ ဆိုသည်မှာ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ကာကွယ် စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ရန် ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တည်ဆဲဥပဒေများနှင့်အညီ တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကို ဆိုသည်ဟူ၍ ပြင်ဆင် အဆိုပြုလိုပါတယ်။

ဆက်လက်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဌ)ကို အဆိုပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းပါ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဌ)ကို အဆိုပြုပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် အလို့ငှာ စကားရပ်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီတို့က ပယ်ဖျက်ထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင် အဆိုပြု လိုတာကတော့ ဖော်ပြပါအတိုင်း ယာယီစောင့်ရှောက်ရေးဂေဟာ ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း

စွပ်စွဲခံရသူကို အမှုစုံစမ်းစစ်ဆေးဆဲကာလနှင့် ကလေးသူငယ်တရားရုံးတွင် စစ်ဆေးစီရင်ဆဲ ကာလတို့အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ကြီးဌာန၏ စိစစ်ကြီးကြပ်မှုဖြင့် တည်ဆဲဥပဒေများနှင့်အညီ တည်ထောင်ထားသော ဂေဟာကို ဆိုသည်ဟူ၍ ပြင်ဆင် အဆိုပြုလိုပါတယ်။

ဆက်လက်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၁)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဍ)ကို အဆိုပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းပါ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဍ)ကို အဆိုပြုပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် ဆွေမျိုးသားချင်းများမှ စကားရပ်အစား ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့က ဆွေမျိုးသားချင်းများက ဟူ၍ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်အဆိုပြုလိုတာကတော့ ဖော်ပြပါအတိုင်း အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း Alternative Care ဆိုသည်မှာ အခြေအနေအရပ်ရပ်ကြောင့် မိရင်း၊ ဖရင်းပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်း၊ ဖရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှု နည်းလမ်းတစ်ခုခုဖြင့် ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက်ခြင်း၊ ဝန်ကြီးဌာန၏ စိစစ်ကြီးကြပ်မှုဖြင့် တည်ဆဲဥပဒေများနှင့်အညီ သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီပြုစုစောင့်ရှောက်ခြင်းစသည့် နည်းလမ်းများပါဝင်သည်ဟူ၍ ပြင်ဆင်အဆိုပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းပါ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည)၊(ဋ)၊ (ဌ)၊ (ဍ)တို့ကို ပြင်ဆင်အဆိုပြုရတဲ့အကြောင်းရင်းကို တစ်ပေါင်းတည်း တင်ပြရမည်ဆိုပါလျှင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ စိစစ်ကြီးကြပ်မှုရှိမှသာလျှင် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အခြားနည်းဖြင့် ပြုစုစောင့်ရှောက်မှုတို့၏ လုပ်ဆောင်ချက်များသည် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိ/မရှိ စိစစ်ကြီးကြပ်နိုင်မည်ဖြစ်သကဲ့သို့ ဥပဒေနှင့်အညီ မှတ်ပုံတင် တည်ထောင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ဖြစ်သင့်ပါသောကြောင့် ပြင်ဆင်ဖြည့်စွက်အဆိုပြုရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၁။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ဘာသာအသုံးအနှုန်း သုံးစွဲခွင့်ပြုရန်နှင့် Power Point သုံးစွဲခွင့်ပြုရန် ပန်ကြားအပ်ပါတယ်။ ပြင်ဆင်လိုတဲ့ အခန်း(၇)၊ ပုဒ်မ ၂၃ ဖြစ်ပါတယ်။ မူလအဆိုပြုချက်အတိုင်း ကျွန်တော်က ပြင်ဆင်လိုပါတယ်။ ထို့အတူပဲ ဥပဒေကြမ်းကော်မတီကလည်း အစီရင်ခံစာမှာ တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအကျိုးဆက်စပ်တင်ပြပါမယ်။ ယခု ဥပဒေကြမ်းပြုစုရာမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ အကြိမ်ကြိမ် အချိန်ယူကာ ပြုစုခဲ့တာဖြစ်တယ်လို့ တွေ့ရပါတယ်။ ယခု ဥပဒေကြမ်းက Related ဖြစ်တာကို တင်ပြပါမယ်။ ဆက်စပ်ဆက်နွှယ်တာကတော့ တည်ဆဲဥပဒေတွေ၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မများနဲ့လည်း ညီညွတ်မှုရှိဖို့လိုအပ်ပါတယ်။ အချို့တင်ပြရမယ်ဆိုရင် ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်များ လက်ထပ်ထိမ်းမြားဥပဒေ၊ ခရစ်ယာန်ဘာသာဝင်များ လက်ထပ်ထိမ်းမြားဥပဒေ၊ အစ္စလာမ်ဘာသာဝင်များ လက်ထပ်ထိမ်းမြားဥပဒေ၊ ဟိန္ဒူဘာသာဝင်များ လက်ထပ်ထိမ်းမြားဥပဒေ၊ နတ်ကိုးကွယ်သူများ လက်ထပ်ထိမ်းမြားဓလေ့၊ တိုင်းရင်းသားမျိုးနွယ်စုများ လက်ထပ်ထိမ်းမြားဓလေ့၊ နိုင်ငံသားပြစ်မှုဆိုင်ရာ ဥပဒေ၊ အမွေဆက်ခံမှုဆိုင်ရာ ဥပဒေ၊ စာချုပ်စာတမ်း သက်သေခံ အက်ဥပဒေ၊ စစ်မှုထမ်း ဥပဒေ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေ Penal Code တွေအနေနဲ့ ပုဒ်မ ၃၆၂၊ ၃၆၃၊ ၃၆၆၊ ၃၇၆၊ ၃၇၅ တို့ကို တွေ့နိုင်ပါတယ်။ အကြောင်းအရာတစ်ခုတည်းကို မစဉ်းစားဘဲ ဘက်ပေါင်းစုံမှ စဉ်းစားပြီးဆောင်ရွက်ဖို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းရေးဆွဲပြဋ္ဌာန်းလိုတဲ့ ရည်ရွယ်ချက်ကို မျက်ခြေမပြတ်ဖို့ လိုပါတယ်။ ကလေးသူငယ်တွေရဲ့ အနာဂတ်ကောင်းမွန်ဖို့ ပတ်ဝန်းကျင်ကို ခိုင်မာစေဖို့ပါပဲ။ အဓိကအားဖြင့်တော့ Protecting နဲ့ Educating ကို ဆိုလိုပါတယ်။ လိင်ပိုင်းဆိုင်ရာဘက်က လျှော့ချပေး ဖို့ မဟုတ်ပါဘူး။ မသင့်တော်တဲ့ဘက်ကို လမ်းညွှန်ပေးဖို့မဟုတ်ပါဘူး။ ကျွန်တော်တို့ ဥပဒေပြုအမတ်များရဲ့ မွန်မြတ်လေးစားအပ်တဲ့ Noble Duty ဖြစ်တယ်လို့ ခံယူပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Consequences များကို တင်ပြပါမယ်။ Early Marriage ကို အားမပေးသင့်ပါဘူး။ Early Marriage ရဲ့ဆိုးကျိုးများဆီကို ကျွန်တော်တို့ ဥပဒေပြုခွင့်ရှိသူများက တွန်းမပို့သင့်ပါဘူး။ ဆေးပညာရှုထောင့်အရ အရွယ်မရောက်သေးသူလို့ သတ်မှတ်ပြီး ထိုအရွယ်မှာ ကိုယ်ဝန်ဆောင်ကလေးမွေးခဲ့ရင် မျိုးပွားအင်္ဂါများ မဖွံ့ဖြိုးသေးခြင်း၊ မိခင်လောင်းဖြစ်သူမှာ သားဖွားခြင်းဆိုင်ရာ အသိအမြင် ဗဟုသုတနည်းပါးခြင်း၊ မိခင်ဖခင်တို့မှာ ငယ်ရွယ်သူများဖြစ်၍ ဥစ္စာခနေမရှာဖွေနိုင်သေးပဲ အာဟာရပြည့်စုံစွာ မစားသောက်နိုင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုအကျင့်စရိုက်မရှိခြင်းတို့ကြောင့် မွေးဖွားလာမယ့် ကလေးဟာ ပေါင်ချိန်မမီခြင်း၊ ဉာဏ်ရည် ဉာဏ်သွေးနိမ့်ပါးခြင်း၊ အရပ်အမောင်း မဖွံ့ဖြိုးခြင်း၊ ကိုယ်လက်အင်္ဂါမစုံခြင်း စသည့် ချို့ယွင်းချက်၊ အားနည်းချက်များ ဖြစ်ပေါ်လာနိုင်တယ်လို့ ဆေးသုတေသနအရ၊ အဆိုအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ် တိုင်းပြည်နဲ့ လူမျိုးအတွက် ပခုံးပြောင်း တာဝန်ယူကြမယ့် တိုင်းရင်းသားလူငယ်များကို ကျန်းမာကြံ့ခိုင် ဉာဏ်ရည်ဖွံ့ဖြိုးစေဖို့အတွက် မွေးထုတ်ပေးမယ့် မိခင်၊ ဖခင်တွေဟာ အနည်းဆုံး အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့်တော့ တတ်မြောက်ဖို့သင့်ပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုခဲ့ရင် ပညာဆက်လက်သင်ကြားဖို့ အခွင့်အလမ်း ဆုံးရှုံးပါလိမ့်မယ်။ အိမ်ထောင်ရေးဗဟုသုတရှိတဲ့ မိခင်၊ ဖခင်တွေက သားကောင်း၊ သမီးကောင်းတွေကို မွေးထုတ်ပေးနိုင်တဲ့အတွေ့အကြုံအရ ယုံကြည်ပါတယ်။ ကမ္ဘာပေါ်မှာ ဆင်းရဲတဲ့နိုင်ငံအများစုကို ကြည့်ရင် Early Marriage ရယ်၊ ကလေးအများကြီး မွေးတာရယ်ကို တွေ့နိုင်သလို ချမ်းသာကြွယ်ဝ

တဲ့နိုင်ငံတွေကြည့်ရင်တော့ သင့်တော်တဲ့အရွယ်အထိ ပညာရှာ၊ ဥစ္စာရှာ၊ အလုပ်လုပ်ကြ ပြည့်စုံတော့ အိမ်ထောင်ပြုကြတာ တွေ့နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓလေ့ထုံးတမ်းအရဆိုပြီး အားလုံး တစ်ပြေးညီပြောလို့ မဖြစ်ပါဘူး။ လက်ရှိအနေအထားနဲ့ တိုင်းရင်းသားအားလုံး သူ့နည်း၊ သူ့ဟန်၊ သူ့စကား၊ သူ့စရိုက်နဲ့ အဆင်ပြေစွာ နေထိုင်လျက်ရှိပါတယ်။ လွှတ်လပ်ရေး မရခင်ကတည်းက ယနေ့အထိ ပဋိညာဉ်ပြုနိုင်သည့်အသက်က (၁၈)နှစ်ပြည့်ပြီး ဆိုလိုတာကို တွေ့ရှိရပါတယ်။ ဥပဒေများ ပြဋ္ဌာန်းရာမှာ လိုက်နာနိုင်ကြဖို့ အဓိပ္ပာယ် ဖွင့်ဆိုရာမှာ တိကျဖို့လိုပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အရဆိုလျှင် အဓိပ္ပာယ်ဖွင့်ဆိုဖို့ အတော်ခက်ခဲပါတယ်။ တင်ပြထားတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ပြဋ္ဌာန်းထားတဲ့ အိမ်ထောင်ပြု အသက်နဲ့ ရင့်ကျက်မှု စံနှုန်းများကိုလည်း ကျွန်တော် ဗဟုသုတအဖြစ် တင်ပြထားပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ယနေ့ ဆွေးနွေးမယ့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ် (ည) အဆိုပြု ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြင်ဆင်ထားပါတယ်။

ကျွန်တော့်အနေနဲ့ အဆိုပါ အပိုဒ်ခွဲငယ် (ည) သင်တန်းကျောင်း ဆိုသည်မှာ ဤဥပဒေအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ် ချမှတ်ခြင်းခံရသော ကလေး သူငယ်အား ပြုပြင် အဲဒီ ပြုပြင်ဆိုတဲ့စကားစုကို ထည့်သွင်းပြီး ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည်လို့ ကျွန်တော် ဖြည့်စွက်လိုပါတယ်။ ဘာကြောင့် ဖြည့်စွက်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ အဆိုပါ ဥပဒေကြမ်း အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ် (ဎ)မှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း Diversion ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်ရမည့်အစား အကျင့်စာရိတ္တ ပြုပြင်ရေးနှင့် လူမှု အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်း မပြုမီဖြစ်စေ၊ ကလေးသူငယ်တရားရုံးတွင် အမှုစစ်ဆေးနေစဉ်ကာလအတွင်းတွင် ဖြစ်စေ၊ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ပြောင်းလဲဆောင်ရွက်ပေးသည့် အခြားလုပ်ငန်းအစီအစဉ်များကို ဆိုသည်လို့ ကလေးသူငယ်ရဲ့ အကျင့်စာရိတ္တပြုပြင်ရေးနဲ့ လူမှု အသိုင်းအဝန်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်ပြီး ဆောင်ရွက်ပေးတဲ့သင်တန်းကျောင်းဖြစ်တဲ့ အတွက် ကလေးသူငယ်အား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်း

ကျောင်းကို ဆိုတဲ့နေရာမှာ ပြုပြင်ဆိုတဲ့ စကားရပ်ကို ထည့်သွင်းသင့်ပါကြောင်း ကျွန်တော် အကြံပြု တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေကြမ်း အခန်း(၇)၊ အပိုဒ် ၂၃ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ် နိုင်သည့်အသက်သည် တည်ဆဲဥပဒေများနှင့် ဓလေ့ထုံးတမ်း ဥပဒေများတွင် အသက်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရမည်လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့်အသက်သည် တည်ဆဲဥပဒေများနှင့် ဓလေ့ထုံးတမ်း ဥပဒေများတွင် မည်သို့ ကွဲပြားစွာ ပြဋ္ဌာန်းထားစေကာမူ အသက်နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်သည် (၁၈)နှစ်ပြည့်ပြီး ဖြစ်စေရမည်လို့ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းလိုပါတယ်။ ဘာကြောင့် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းလိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ အဆိုပါ ဥပဒေကြမ်း အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ခ)မှာ ကလေးသူငယ်ဆိုသည်မှာ အသက်(၁၈)နှစ်မပြည့် သေးသောသူကို ဆိုသည်လို့ အဆိုပြုထားပါတယ်။

နောက် ပဋိညာဉ် ဥပဒေ၊ ပဋိညာဉ် ပြုနိုင်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်လို့ ပြဋ္ဌာန်းချက်ရှိတယ်။ ဒါတင်မကသေးဘူး။ ကျွန်တော်တို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေတို့ရဲ့ ပြဋ္ဌာန်းချက်များနဲ့လည်းပဲ မဆန့်ကျင်စေဘဲ ညီညွတ်စေလိုပါတယ်။ သို့အတွက်ကြောင့် အဆိုပါ ဥပဒေကြမ်း အခန်း(၇)၊ အပိုဒ် ၂၃ တွင် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်၌ပါရှိသော သို့ရာတွင် ထိမ်းမြားလက်ထပ်ခြင်း၊ စာချုပ်ချုပ်ဆို၍ လက်ထပ်ခြင်း သို့မဟုတ် ကတိသစ္စာပြု၍ ထိမ်းမြားခြင်းဖြစ်ပါက ထိမ်းမြား လက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်ဆိုတဲ့ စကားရပ်အား ဖြည့်စွက်ထည့်သွင်းရန် မလိုတော့ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ယခု ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဟာ ကျွန်တော်တို့ Special Law အထူးဥပဒေ ဖြစ်ပါတယ်။ ဒီ အထူးဥပဒေတွေဟာ ကျွန်တော်တို့ ဓလေ့ထုံးတမ်းဥပဒေတွေကို လွှမ်းမိုးပါတယ်။ သို့အတွက်ကြောင့် အထက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်ပါကြောင်း လေးစားစွာအကြံပြု တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စော ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဗိုလ်မှူးရဲအောင်စော (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က တော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စော ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ကျွန်တော် ပြင်ဆင်လိုတဲ့ ဥပဒေ ပုဒ်မတွေကတော့ အခန်း(၁)၊ ပုဒ်မ ၃(ဖ)(ဗ)(ဘ)နဲ့ ပုဒ်မခွဲ (ဘ)ရဲ့ ပုဒ်မခွဲငယ် (၃)တို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ပုဒ်မ ၃ (ဖ)အား အဆိုပြု ပြဋ္ဌာန်းချက်တွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ဆိုသည်မှာ အရွယ်ရောက်သူအားဖြစ်စေ၊ အခြားသောကလေးသူငယ်အားဖြစ်စေ ကလေးသူငယ်အား ကိုယ်ထိလက်ရောက်အင်အားသုံး၍ အသက်သေစေလောက်သော သို့မဟုတ် ပြင်းထန်ထိခိုက်ဒဏ်ရာရစေသော အကြမ်းဖက်မှုကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အောက်ပါ ပြုလုပ်မှုများလည်း ပါဝင်သည်ဟု ဖော်ပြထားပါတယ်။ ၎င်းကို ပြင်ဆင်လိုတာကတော့ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း ဆိုသည်မှာ မည်သူမဆို ကလေးသူငယ်အား ကိုယ်ထိလက်ရောက် အင်အားသုံး၍ အပြင်းအထန် ထိခိုက်ဒဏ်ရာရစေသော အကြမ်းဖက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုများလည်း ပါဝင်သည်ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ အကြောင်းအရင်းကတော့ မည်သူမဆို ကတ္တားပုဒ်ကို အသုံးပြုပြီးတော့ အရွယ်ရောက်သူအားဖြစ်စေ၊ အခြားသော ကလေးသူငယ်အားဖြစ်စေ ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်လိုက်ခြင်းဖြင့် ဥပဒေအသုံးအနှုန်း ကျစ်လျစ်ပြီး အားလုံး လွှမ်းခြုံမိစေမှာဖြစ်သောကြောင့် ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အသက်သေစေလောက်သည်အထိ ပြုလုပ်မှ ကလေးသူငယ်အား အကြမ်းဖက်ခြင်း မဟုတ်ပါ။ အပြင်းအထန် ထိခိုက်ဒဏ်ရာရစေလျှင်လည်း အကြမ်းဖက်မှု မြောက်နေပြီဖြစ်လို့ အသက်သေစေလောက်သော စာသားအား ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မတစ်ခုကတော့ အခန်း(၁)၊ ပုဒ်မ ၃(ဗ) ဖြစ်ပါတယ်။ ပုဒ်မ ၃(ဗ)တွင် မည်သူမဆို ကတ္တား ပုဒ်ကို ထည့်လိုပါတယ်။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဆိုသည်မှာ မည်သူမဆို ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင် ကြိတ်မှိတ် ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါ ပြုလုပ်မှုတို့လည်း ပါဝင်သည်ဟု ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကတော့ မည်သူမဆိုဟု ဆိုသည့် စကားရပ်ကို ဥပဒေရေးထုံးအရ ထည့်သွင်းရခြင်းပဲဖြစ်ပါတယ်။

နောက် ပုဒ်မတစ်ခုကတော့ အခန်း(၃)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဘ)ပါ။ ပုဒ်မ ၃(ဘ)ကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်မှာပါတဲ့ အရွယ်ရောက်သူအားဖြစ်စေ အခြားသော ကလေးသူငယ်အားဖြစ်စေ ဆိုတဲ့ စကားရပ်ကို ဖြုတ်ပြီးတော့ မည်သူမဆို ဆိုတဲ့ ကတ္တားပုဒ်ကို အစားထိုးကာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ဆိုသည်မှာ မည်သူမဆို ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မ တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုမူခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုတို့လည်း ပါဝင်သည်လို့ ပြင်ဆင်လိုပါတယ်။ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကတော့ မည်သူမဆို ကတ္တားပုဒ်ကို အသုံးပြုပြီးတော့ အရွယ်ရောက်သူအားဖြစ်စေ၊ အခြားသော ကလေးသူငယ်အားဖြစ်စေ ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ခြင်းဖြင့် ဥပဒေအသုံးအနှုန်း ကျစ်လျစ်စေရန်နှင့် အားလုံး လွှမ်းခြုံမိစေရန် အစားထိုးသင့်ခြင်းပဲဖြစ်ပါတယ်။

နောက် ပုဒ်မတစ်ခုကတော့ အခန်း(၁)၊ ပုဒ်မ ၃ ရဲ့ ပုဒ်မခွဲ (ဘ)၊ ပုဒ်မခွဲငယ် (၃) ဖြစ်ပါတယ်။ ပုဒ်မ ၃၊ (ဘ) (၃)ကို အဆိုပြု ပြဋ္ဌာန်းချက်တွင် Digital နည်းပညာကို အသုံးပြု၍ Internet စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖန်တီးခြင်းဟု ဖော်ပြထားပါတယ်။ ၎င်းပုဒ်မကို ပြည်သူ့လွှတ်တော်ကတော့ Electronic နည်းပညာကို အသုံးပြု၍ Internet စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖန်တီးခြင်းဟု ပြင်ဆင်ထားပါတယ်။ ၎င်းကို ပြင်ဆင်လိုတာကတော့ Electronic နည်းပညာကို အသုံးပြု၍ Internet စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ညစ်ညမ်းပုံ ဗွီဒီယိုဖိုင်ကို လက်ဝယ်ထားပြီး ကလေးသူငယ်၏ ဂုဏ်သိက္ခာကို ခြိမ်းခြောက်ခြင်း၊ ၎င်းတို့ကို အသုံးပြု၍ ကလေးသူငယ်က ခွင့်ပြုလာစေရန် ပြုလုပ်ပြီး ကာမရယူကျူးလွန်ခြင်း၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများ၊ စာရွက်စာတမ်းများ တောင်းခံရယူခြင်း၊ အခွင့်အရေးတစ်စုံတစ်ရာရယူခြင်းဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကတော့ မျက်မှောက်ခေတ်တွင် ထိုကဲ့သို့ ပြစ်မှုကျူးလွန်မှုများ ဖြစ်ပွားနိုင်သောကြောင့် ဖြည့်စွက်ချက်၊ ပြင်ဆင်ချက်များတွင် ပိုမိုကျစ်လျစ် ပြည့်စုံမှုရှိစေရန်အတွက် ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမှာဖြစ်တဲ့အတွက် ကျွန်တော့်ကို Power Point သုံးစွဲဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။

ဒါ ကျွန်တော် ရေးထုံးပြင်ထားခြင်းဖြစ်ပါတယ်။ အခန်း(၂)ရဲ့ ခေါင်းစဉ်ကို ဤဥပဒေအရသာ ဆိုတဲ့ဟာကို ကျွန်တော် ဤဥပဒေဖြင့်သာ ဆိုပြီးတော့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဤဥပဒေအရ ဆိုရင်တော့ ကျွန်တော်တို့ တိုက်ရိုက်သုံးလို့ရပါတယ်။ ဒါပေမဲ့ သာ ဆိုတဲ့ စကားလုံးကို ဝိဘတ်နဲ့ သုံးမယ်ဆိုရင်တော့ ဤဥပဒေဖြင့်သာ သင့်တော်ကြောင်း ကျွန်တော် အကြံပြုခြင်းဖြစ်ပါတယ်။ နောက် ၂(ခ)က မြန်မာနိုင်ငံသားဖြစ်စေ ဆိုတဲ့နေရာမှာ ရေးထုံးကျစ်လျစ်မှုရှိစေရန်အတွက် နိုင်ငံသားကဖြစ်စေလို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ဒီဟာ ကလေးသူငယ် တရားရုံး ဆိုတာကို ကျွန်တော် အောက်က ပိုမိုပြည့်စုံမှုရှိစေရန်အတွက် တရားသူကြီးရုံးထိုင်သည့် တရားရုံးကို ဆိုသည်လို့ ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အောက်က ကျွန်တော် ပုဒ်မ ၃(န)ကတော့ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တပ်သား ဆိုတဲ့ဟာကို ကျွန်တော် အဖွဲ့ဝင်ဖြင့် ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကလည်း နောက်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တောက်လျှောက်ပြင်ဆင်ထားတဲ့အတွက် ကျွန်တော်တို့ ဒါက အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒါ ပြင်ဆင်ရဖို့ဖြစ်ပါတယ်။

ဒါက ကျွန်တော် ပုဒ်မ ၁၅ ကို အသစ်ဖြည့်စွက်တာဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ပုဒ်မ ၁၅(ခ)က တည်ထောင်ခွင့်ပြုထားတဲ့ ပရဟိတဂေဟာတွေ၊ ယာယီစောင့်ရှောက်ဂေဟာတွေကို တတ်နိုင်သလောက် ကျွန်တော်တို့ ကူညီထောက်ပံ့ပေးရမယ်ဆိုတဲ့ ကျွန်တော်တို့ ဒါကို ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၅ အရ ခွင့်ပြုထားတဲ့ ဂေဟာတွေကို ကျွန်တော် ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ပုဒ်မ ၂၆ က မြန်မာနိုင်ငံသား ဆိုတဲ့ဟာကို မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်ကို မိဘရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ကလေးသူငယ်အား သတ်မှတ်ချက်နှင့်အညီ မွေးစားပိုင်ခွင့်ရှိသည် ဆိုတဲ့ မွေးစားပိုင်ခွင့်ပုဒ်မကို ကျွန်တော် နိုင်ငံသားတစ်ဦးဦးသည် နိုင်ငံအတွင်းမွေးဖွားသည့် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ကလေးသူငယ်အား သတ်မှတ်ချက်နှင့်အညီ မွေးစားခွင့်ရှိသည်လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၂၈ ကို ရှေ့ကပြင်ဆင်ထားတဲ့အတိုင်း ဖြည့်စွက်ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးဦးသည် နိုင်ငံအတွင်း မွေးဖွားသော ကလေးသူငယ်လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၅၀ က အသစ်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ကလေးသူငယ်တွေ၊ မသန်စွမ်းကလေးသူငယ်တွေက လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည် ဆိုတဲ့ Right တစ်ခုကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။

ပုဒ်မ ၅၃ ကို ထပ်ပြီးတော့ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ (ဃ) နဲ့ (င)ကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ မသန်မစွမ်းကလေးသူငယ်များအတွက် ကိုယ်အင်္ဂါအစားထိုးပစ္စည်းများ၊ ကိရိယာများကို ထောက်ပံ့ပေးရမည်။ (င) ဆင်းရဲနွမ်းပါးပြီး ပြင်းထန်သော ရောဂါဝေဒနာခံစားနေရသော ကလေးသူငယ်ကို အခမဲ့ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးရမည်ဆိုတဲ့ ဒါကို ကျွန်တော် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အောက်ပါ ပုဒ်မ ၅၄ ကတော့ ပုဒ်မ ၅၃ ကို ဆွဲသွင်းထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၆၃ ကတော့ (၁၈)နှစ်ပြည့်ပြီးသူ ဆိုတဲ့ဟာကို ကလေးသူငယ် အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်တဲ့အတွက် ကလေးသူငယ်လို့ပဲ ရေးထုံးသုံးသင့်ကြောင်း ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အောက်မှာလည်း (ခ)မှာလည်း ထိုနည်းလည်းကောင်းဖြစ်ပါတယ်။ ဒါလည်း ခုနက ကလေးသူငယ် ဆိုတဲ့ဟာကို ရေးထုံးကျစ်လျစ်မှုရှိစေရန် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၁၀(က)ရဲ့ (၄)ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးစာ သို့မဟုတ် အခြားခိုင်လုံသော အထောက်အထားအရ ကလေးသူငယ် ဖြစ်၊ မဖြစ် ဆိုတဲ့စာသားကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အောက်မှာ ပုဒ်မ ၁၂၀ က ခြေဆင်းကို ပြင်ဆင်ထားခြင်းအတိုင်း ဤဥပဒေအရသာ ဆိုတဲ့ဟာကို ဤဥပဒေဖြင့်သာဆိုပြီး ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆဋ္ဌမနေ့ အစည်းအဝေး ၃၀-၁-၂၀၁၉(ဗုဒ္ဓဟူးနေ့)တွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။**　။ အစီအစဥ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]